# ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများကြား

# ခွဲခြားသည့်နှင်းမှု

# အခြေခံအုတ်မြစ်တည်ဆောက်ခြင်းဆိုင်ရာ အခြေခံရင်ခံစာ



## ရခိုင်ပြည်နယ်မှ ပြည်တွင်းပြည်ပ နေရပ်စွန့်ခွာနေရသူများအား ပြန်လည်နေရာချထားရေးအပေါ် သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ၏ အမြင်သဘောထားများကို ဖော်ထုတ်ခြင်း

# ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများကြား စေ့စပ်ညှိနှိုင်းမှု အခြေခံအုတ်မြစ် တည်ဆောက်ခြင်းဆိုင်ရာ အစီရင်ခံစာ

*ရခိုင်ပြည်နယ်မှ ပြည်တွင်း၊ပြည်ပ နေရပ်စွန့်ခွာ နေရသူများအား ပြန်လည်နေရာချထားရေးအပေါ် သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ၏ အမြင်သဘောထားများကို ဖော်ထုတ်ခြင်း*

ရှွေပြည်လမ်းကွန်ယက်
ဒီဇင်ဘာ ၂၀၂၀ ခုနှစ်

## ကျေးဇူးတင်လွှာ

ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများကြား စေ့စပ်ညှိနှိုင်းမှု အခြေခံအုတ်မြစ်တည်ဆောက်ခြင်းဆိုင်ရာ အစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပူးပေါင်းပါဝင်ပံ့ပိုးပေးခဲ့ကြသော မိတ်ဆွေများ၊ သုတေသန မေးခွန်းများကို ပါဝင်ဖြေဆိုပေးခဲ့ကြသည့် အရပ်ဖက်အဖွဲ့အစည်းခေါင်းဆောင်များ၊ ပါတီနိုင်ငံရေး ခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူမျိုးစုခေါင်းဆောင်များ၊ လူငယ်တက်ကြွလှုပ်ရှားသူများ၊ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများ နှင့် တက်တက်ကြွကြွလုပ်ဆောင်ပေးခဲ့ကြသည့် ရွှေပြည်လမ်း ကွန်ယက်၏ လုပ်ဖော်ကိုင်ဖက်များ၊ လိုအပ်သည့်အကြံဉာဏ်များကို လမ်းညွှန်ပေးခဲ့ကြသူ တစ်ဦးချင်းစီအား ရွှေပြည်လမ်းကွန်ယက်မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဤသုတေသန လုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် အဓိကကူညီပံ့ပိုးပေးပါသော အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) နှင့် Family Health International (FHI360) တို့အား အထူးကျေးဇူးတင်ရှိပါသည်။

## ရွှေပြည်လမ်းကွန်ယက်

ရွှေပြည်လမ်းကွန်ယက်သည် Peace Point-Myanmar (PPM)၊ Peace Building Space-Arakan (PBSA) နှင့် Ethnic Minority Support Group (EMSG) စသည့်အဖွဲ့အစည်းသုံးခု စုပေါင်းဖွဲ့စည်းထားသော ငြိမ်းချမ်းရေး နှင့် လူမှုသဟဇာတ ဖော်ဆောင်ရေး ကွန်ယက်တစ်ခုဖြစ်ပါသည်။ ရွှေပြည်လမ်းကွန်ယက်၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်တွင် ပဋိပက္ခဒဏ်ခံနေရသည့် မတူကွဲပြားသော မျိုးနွယ်စုများအကြား ယုံကြည်မှု၊ သဟဇာတဖြစ်မှု နှင့် အပြန်အလှန်ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် နှင့် အပြုသဘောဆောင်သည့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်မှုများကို မြှင့်တင်ရန် ဖြစ်ပါသည်။

ရွှေပြည်လမ်းကွန်ယက်သည် ၂၀၁၈ ခုနှစ်မှ စတင်၍ ရခိုင်ပြည်နယ်အတွင်း မတူကွဲပြားသော လူမှုအသိုင်း အဝိုင်းများအကြား စေ့စပ်ညှိနှိုင်းမှု အခြေခံအုတ်မြစ် တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင် လျက်ရှိပါသည်။ ရွှေပြည်လမ်းကွန်ယက်မှ လူ့အခွင့်အရေး၊ နိုင်ငံသားဖြစ်မှု နှင့် ပြန်လည်နေရာချထား ရေးဆိုင်ရာ အပြုသဘောဆောင်သည့် လူထုပူးပေါင်းပါဝင်မှုကို အခြေခံသော လူမှုသဟဇာတဖြစ်မှုဆိုင်ရာ လုပ်ငန်းများကို အဓိကလုပ်ဆောင်လျက် ရှိပါသည်။

မာတိကာ

**နိဒါန်း ....................................................................................... 1**

**၁။ သုတေသနရည်ရွယ်ချက်နှင့် သုတေသနနည်းလမ်း ....................................... 3**

၁။ (က) သုတေသနရည်ရွယ်ချက် ........................................................ 3

၁။ (ခ) သုတေသနနည်းလမ်း ............................................................ 3

၁။ (ဂ) သုတေသနအကန့်အသတ်များ...................................................... 4

**၂။ ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများ 6**

၂။ (က) ရခိုင် နှင့် အခြားသော တိုင်းရင်းသားမျိုးနွယ်စု စစ်ဘေးရှောင်စခန်းတွင်းမှ အခက်အခဲ ပြဿနာများ............................................................................ 6

၂။ (ခ) ပြည်တွင်း မွတ်ဆလင် နေရပ်စွန့်ခွာနေရသူများ ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများ............................................................................ 9

**၃။ ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ ပြန်လည်နေရာချထားရေးဆိုင်ရာ စိန်ခေါ်မှုများ ......................................................................... 11**

၃။(က) ပြည်တွင်းမွတ်ဆလင် နေရပ်စွန့်ခွာနေရသူများ ပြန်လည်နေရာချထားရေး ဆိုင်ရာ စိန်ခေါ် မှုများ ................................................................... 11

၃။ (ခ) ရခိုင် နှင့် လူနည်းစု တိုင်းရင်းသား စစ်ဘေးရှောင်များ ပြန်လည်နေရာချထားရေး ဆိုင်ရာ စိန်ခေါ်မှုများ.................................................................. 14

**၄။ ပြည်ပရောက် မွတ်ဆလင်ဒုက္ခသည်များ ပြန်လည်နေရာချထားရေးဆိုင်ရာ အမြင် သဘောထားများ ........................................................... 16**

၄။ (က) လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများ ၏ အမြင်သဘောထားများ............... 16

၄။ (ခ) ရခိုင်တိုင်းရင်းသားများ၏ အမြင်သဘောထားများ ................................ 18

၄။ (ဂ) မွတ်ဆလင်များ၏ အမြင်သဘောထားများ ........................................ 20

**၅။ အကြံပြုချက်များ .............................................................. 23**

၅။ (က) ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ၏ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များ................ 23

၅။ (ခ) ပညာရေးဆိုင်ရာအကြံပြုချက်များ........................................................................................ 23

၅။ (ဂ)လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာအကြံပြုချက်များ ................................................ 24

၅။ (ဃ) ပြည်တွင်းပြည်ပနေရပ်စွန့်ခွာနေရသူများအား ပြန်လည်နေရာချထားရေး ဆိုင်ရာ အကြံပြုချက်များ........................................................................................................................ 25

၅။ (င) မွတ်ဆလင်များအပေါ် နိုင်ငံသား စိစစ်ရေးလုပ်ငန်းဆိုင်ရာ အကြံပြုချက်များ.................. 26

၅။ (စ) သဟဇာတဖြစ်ရေးဆိုင်ရာ အကြံပြုချက်များ................................................................. 27

**နိဂုံး ........................................................................................................................28**

**နောက်ဆက်တွဲ...........................................................................................................30**

**References ...........................................................................................................30**

# နိဒါန်း

ရခိုင်ပြည်နယ်သည် လူမျိုးပေါင်းစုံ မှီတင်းနေထိုင်ရာဒေသ ဖြစ်ပြီး ဘာသာပေါင်းစုံ ကိုးကွယ်မှုများရှိသည်။ ရခိုင်ပြည်နယ်တွင် ရခိုင်၊ မြို၊ ခမီ၊ သက်၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန်၊ ချင်း၊ မွတ်ဆလင်[1]၊ ဟိန္ဒူ စသည့် လူမှု အသိုင်းအဝိုင်းများ နှင့် လူမျိုးစုများ စုပေါင်းနေထိုင်ကြသည်။ ဘာသာရေး ကိုးကွယ်မှုအားဖြင့် ဗုဒ္ဓဘာသာဝင် များသည် လူဦးရေအများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ အစ္စလာမ်ဘာသာဝင်များ ဖြစ်သည်။ ခရစ်ယာန် ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သူများလည်း ရှိပါသည်။[2] ပထဝီအနေအထားအရ မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် တည်ရှိသော ဒေသတစ်ခု ဖြစ်၍ အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်နယ်မြေလည်း ဖြစ်သည်။

ရခိုင်ပြည်နယ်၏ အနောက်ဘက်တွင် ပင်လယ်ကမ်းခြေနှင့် အရှေ့ဘက်တွင် ရခိုင်ရိုးမတောင်တန်း ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် လူမျိုးရေးအသွင်ဆောင်သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ရပ်များနှင့် ပြည်တွင်းစစ်ပွဲများကြောင့် ရခိုင်ပြည်နယ်ရှိ ပြည်သူမြောက်များစွာသည် ပြည်တွင်းနှင့် ပြည်ပများသို့ နေရပ် စွန့်ခွာ ရွှေ့ပြောင်းနေကြရပါသည်။ အထူးသဖြင့် လူမျိုးရေး၊ ဘာသာရေး အသွင်ဆောင်သော ပဋိပက္ခများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး အကူးအပြောင်း ကာလများတွင် အများဆုံးဖြစ်ပွားခဲ့ကြောင်း လေ့လာတွေ့ရှိ ရသည်။ အထင်ရှားဆုံးဖြစ်ရပ်မှာ ၁၉၄၂ ခုနှစ်တွင်[3] ရခိုင် နှင့် မွတ်ဆလင်အသိုင်းအဝိုင်းများကြား ပဋိပက္ခ တစ်ကြိမ်ဖြစ်ပွားကာ လူပေါင်းများစွာ သေကြေပျက်စီးခဲ့ကြပါသည်။ တစ်ဖန် ၂၀၁၂ ခုနှစ် ရမ်းဗြဲမြို့နယ် ကျောက်နီမော် ကျေးရွာတွင် မိန်းကလေးတစ်ဦး မတရားပြုကျင့် အသတ်ခံရသည့် ဖြစ်ရပ်ကို အခြေတည်ကာ အချို့သော လူမျိုးမုန်းတီးရေးဆိုင်ရာ ဝါဒဖြန့်ဖြူးခြင်းများ ပေါ်ထွက်လာခြင်းကြောင့် ရခိုင်နှင့် မွတ်ဆလင် အသိုင်းအဝိုင်းတို့အကြား အကြမ်းဖက်ပဋိပက္ခများ စတင်ဖြစ်ပွားခဲ့ပြီး ရခိုင်ပြည်နယ်အပြင် မြန်မာတစ်နိုင်ငံလုံးနီးပါး ပျံ့နှံ့ခဲ့သည်။ ၎င်းအရေးအခင်းကြောင့် ပြည်တွင်း နေရပ်စွန့်ခွာနေရသူများ စုစုပေါင်း နှစ်သိန်းကျော်[4] ပေါ်ပေါက်ခဲ့ရသည်။

ထို့နောက် ၂၀၁၇ ခုနှစ်တွင် နယ်စပ်လုံခြုံရေးဂိတ်များကို Arakan Rohingya Salvation Army (ARSA)[5]မှ ဝင်ရောက်တိုက်ခိုက်စဉ် မြန်မာ့တပ်မတော်၏ အင်အားအလွန်အကျွံ သုံးစွဲကာ နယ်မြေရှင်းလင်းခြင်းများ[6] ပြုလုပ်ခဲ့ရာတွင် ပြည်သူများ အသက်အိုးအိမ်ဆုံးရှုံးခဲ့ရပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမှ မွတ်ဆလင် လူဦးရေ ခုနစ်သိန်းကျော်[7] ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဒုက္ခသည်များအဖြစ် ခိုလှုံခဲ့ကြရသည်။ ထို့အပြင် (၂၀၁၉) နှစ်ဦးပိုင်းမှ စတင်ကာ မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော် Arakan Army (AA) ကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများ ပြင်းထန်လာမှုကြောင့် ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ အမ်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ ပေါက်တောနှင့် စစ်တွေ စသည့်မြို့နယ်များမှ ရခိုင်နှင့် အခြား သော တိုင်းရင်းသားများ ၂၃၆၂၂၉[8] ဦး မှာ ထပ်မံ၍ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များအဖြစ် နေရပ်စွန့်ခွာ နေကြရပါသည်။

ဤသုတေသန အစီရင်ခံစာကို "ရွှေပြည်လမ်း ကွန်ယက်" အဖွဲ့ဝင်ဖြစ်သော Peace Point-Myanmar (PPM)၊ Peace Building Space, Arakan (PBSA)၊ Ethnic Minority Support Group (EMSG) အဖွဲ့တို့မှ ဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာနေရသူများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပြည်တွင်းပြည်ပရှိ နေရပ်စွန့်ခွာနေရသူများအား ပြန်လည်နေရာချထားရေးအတွက် သက်ဆိုင်ရာခေါင်းဆောင်များ၏ အမြင် သဘောထားများ၊ အကြံပြုချက်များကို ရယူကာ ပြုစုရေးသားထားပါသည်။

ဤစာတမ်းကို ပြုစုရေးသားရန်အတွက် ရခိုင်ပြည်နယ်၏ အခြေအနေအရပ်ရပ်ကို သုံးသပ်နိုင်သည်ဟု ယူဆရသော ရခိုင်၊ မြို၊ ခမီ၊ သက်၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန်၊ ချင်း၊ မွတ်ဆလင် စသည့် လူမှုအသိုင်းအဝိုင်းများမှ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး နှင့် အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များ၏ အမြင်သဘောထားများကို တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ အစီရင်ခံစာကို PPM၊ PBSA နှင့် EMSG တို့၏ သုတေသနအဖွဲ့အသီးသီးမှ ဦးဆောင်ကာ သက်ဆိုင်ရာ လူမျိုးစုအလိုက် အမြင်သဘောထား၊ အကြံပြုချက်များကို ကောက်ယူစုဆောင်း ထားသည့် သုတေသနစာတမ်း သုံးခုအပေါ် အခြေခံ၍ ပြုစုရေးသားထားခြင်းဖြစ်သည်။

အစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်များမှာ ရခိုင်ပြည်နယ် နေရပ်စွန့်ခွာနေရသူများ၏ အခက်အခဲ စိန်ခေါ်မှု များကို တာဝန်ရှိသူများနှင့် ပြည်သူလူထုမှ ပိုမိုသိရှိနားလည်စေရန်၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ရန်၊ ပြန်လည်နေရာ ချထားရေး လုပ်ဆောင်ရာတွင် အထောက်အကူပြုနိုင်ရန်၊ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအားလုံး သဟဇာတဖြစ်စွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေး ကို အထောက်အကူပြုစေရန် တို့ဖြစ်ပါသည်။

ဤအစီရင်ခံစာ၏ ပထမပိုင်းတွင် သုတေသနရည်ရွယ်ချက်နှင့် သုတေသနနည်းလမ်းများ အကြောင်းကို ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ပြည်တွင်း နေရပ်စွန့်ခွာနေရသူများ၏ စခန်းများနှင့် ယာယီခိုနားရာ နေရာများတွင် တွေ့ကြုံနေရသော အခက်အခဲပြဿနာများကို လည်းကောင်း၊ တတိယပိုင်းတွင် မွတ်ဆလင်၊ ရခိုင်နှင့် အခြားသော တိုင်းရင်းသားပြည်တွင်း နေရပ်စွန့်ခွာနေရသူများ ပြန်လည်နေရာချထားရေးနှင့် ပတ်သက်သော စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။ ထို့အပြင် ပြည်ပရောက် မွတ်ဆလင်များ၏ ပြန်လည် နေရာချထားရေးဆိုင်ရာ တောင်းဆိုမှုများအပေါ် တိုင်းရင်းသားမျိုးနွယ်စုများ၊ ရခိုင်တိုင်းရင်းသားများနှင့် မူဆလင်များ၏ အမြင်သဘောထား အသီးသီးများကိုလည်း ထည့်သွင်းထားပါသည်။ နောက်ဆုံးပိုင်းတွင် ပြည်တွင်း၊ ပြည်ပ နေရပ်စွန့်ခွာနေရသူများ အရေးကိစ္စနှင့် ပတ်သက်သော အကြံပြုချက်များကို တင်ပြထား ပါသည်။

## ၁။ သုတေသနရည်ရွယ်ချက်နှင့် သုတေသနနည်းလမ်း

### ၁။ (က) သုတေသနရည်ရွယ်ချက်

သုတေသနပြုရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ပြည်တွင်း နေရပ်စွန့်ခွာနေရသူများ (IDPs) အား ပြန်လည်နေရာ ချထားရာတွင် ကြုံတွေ့နိုင်သော စိန်ခေါ်မှုများနှင့် အပြုသဘောဆောင်သည့် နည်းလမ်းများ ရှာဖွေရန် ဖြစ်ပါသည်။
၂။ ပြည်ပရှိ နေရပ်စွန့်ခွာနေရသူများအား ပြန်လည်နေရာချထားရာတွင် ကြုံတွေ့နိုင်သော စိန်ခေါ်မှုများနှင့် မတူညီသော မျိုးနွယ်စုများအကြား သဟဇာတဖြစ်စေရေးအတွက် အပြုသဘော ဆောင်သည့် နည်းလမ်းများ ဖော်ထုတ်ရန် ဖြစ်ပါသည်။

### ၁။ (ခ) သုတေသနနည်းလမ်း

ဤသုတေသနစာတမ်းသည် အရည်အသွေးလေ့လာမှုစနစ် (Qualitative Method) ကို အသုံးပြုထားသည့် သုတေသနမေးခွန်းလွှာကို အသုံးပြု၍ "ရွှေပြည်လမ်းကွန်ရက်"အဖွဲ့ဝင်များဖြစ်သော Peace Point Myanmar (PPM)၊ Peace Building Space, Arakan (PBSA) နှင့် Ethnic Minority Support Group (EMSG) တို့မှ ရခိုင်ပြည်နယ်ရှိ မြို့ပေါင်း ၁၁ မြို့[9]တွင် - ဇူလိုင် ၂၀၂၀ ခုနှစ် မှ ဒီဇင်ဘာလ ၂၀၂၀ ထိ (၆) လကြာ အချိန်ယူ စုဆောင်းထားသော သတင်းအချက်အလက်များကို ထည့်သွင်းပြုစု ရေးသားထားပါသည်။ သတင်းအချက် အလက်များကို လူတွေ့ဖြင့် အများဆုံးကောက်ယူထားပြီး online ဖြင့် တွေ့ဆုံမေးမြန်းမှု အနည်းငယ်ကိုလည်း ပြုလုပ်ခဲ့ပါသည်။
ဤသုတေသနတွင် ပါဝင်သော ပုဂ္ဂိုလ်များကို အောက်ပါအချက်များအပေါ် အခြေခံပြီး ရွေးချယ်ထားပါသည်။

- ရခိုင်ပြည်နယ်မှ ပြည်တွင်း၊ ပြည်ပနေရပ်စွန့်ခွာနေရသူများ အရေးကိစ္စနှင့် ပတ်သက်၍ အတွေ့အကြုံ ရှိသောသူများ နှင့် နေရပ်စွန့်ခွာနေသူများအရေး လုပ်ဆောင်နေသူများ၊
- ရခိုင်ပြည်နယ်ရှိ လူမျိုးရေးနှင့် လက်နက်ကိုင်ပဋိပက္ခများအရေးအား စောင့်ကြည့် လေ့လာနေသူများ နှင့် ဒေသခံများ၊
- အရပ်ဖက်အဖွဲ့အစည်း ခေါင်းဆောင်များ၊
- နိုင်ငံရေးပါတီ ခေါင်းဆောင်များ၊
- မျိုးနွယ်စု ကိုယ်စားပြု ခေါင်းဆောင်များ၊
- ဘာသာရေး ခေါင်းဆောင်များ၊
- ကျား/မ ကွဲပြားမှုဆိုင်ရာ အမြင်များကို ကိုယ်စားပြုသူများ၊
- မြို့နယ်အခြေပြု ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း ဦးဆောင်နေသူများ။

PPM အဖွဲ့သည် သုတေသနဆိုင်ရာ အချက်အလက်များ ရရှိနိုင်ရန်အတွက် ရန်ကုန်မြို့၊ စစ်တွေမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မောင်တောမြို့နယ်၊ မင်းပြားမြို့နယ် (၆) ခုရှိ မွတ်ဆလင် နိုင်ငံရေးပါတီ ခေါင်းဆောင်များ၊ လူငယ်ခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်း (၂၆) ဦးတို့အား တစ်ဦးချင်း လူတွေ့မေးမြန်းခြင်း (Key Informant Interview) (၆) ကြိမ် နှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများ (Focus Group Discussion) (၃) ကြိမ် ပြုလုပ်ခဲ့ပါသည်။

PBSA အဖွဲ့သည် ရန်ကုန်၊ ဘူးသီးတောင်မြို့နယ်၊ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့နယ်တို့တွင် နေထိုင်သော ရခိုင်နိုင်ငံရေးပါတီ ခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း ခေါင်းဆောင်များနှင့် အမျိုးသမီးခေါင်းဆောင်များ စုစုပေါင်း (၂၄) ဦးတို့အား တစ်ဦးချင်း လူတွေ့မေးမြန်းခြင်း (Key Informant Interview) (၄) ကြိမ် နှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများ (Focus Group Discussion) (၄) ကြိမ် ပြုလုပ်ခဲ့ပါသည်။

EMSG အဖွဲ့သည် ရန်ကုန်မြို့၊ ဘူးသီးတောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မြောက်ဦး၊ မင်းပြားမြို့နယ်၊ သံတွဲမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မောင်တောမြို့နယ်နှင့် စစ်တွေမြို့ရှိ မြို၊ ခမီ၊ သက်၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန်၊ ချင်း စသည့် လူနည်းစုတိုင်းရင်းသားများ၏ နိုင်ငံရေးပါတီ ခေါင်းဆောင်များ၊ တိုင်းရင်းသား လူနည်းစုအရေး တက်ကြွလှုပ်ရှားသူများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း ခေါင်းဆောင်များ၊ အမျိုးသမီးခေါင်းဆောင်များ စုစုပေါင်း (၃၄) ဦးတို့အား တစ်ဦးချင်း လူတွေ့မေးမြန်းခြင်း (Key Informant Interview) (၅) ကြိမ် နှင့် ဦးတည် အုပ်စု ဆွေးနွေးပွဲများ (Focus Group Discussion) (၅) ကြိမ် ပြုလုပ်ခဲ့ပါသည်။

## ၁။ (ဂ) သုတေသနအကန့်အသတ်များ

ဤအစီရင်ခံစာ ပြုစုရေးသားရာတွင် အောက်ပါအကန့်အသတ် အချို့ရှိခဲ့ပါသည်။

## ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံများလွှမ်းမိုးမှု

ဤသုတေသနကို ပြုစုရေးသားသူများသည်လည်းကောင်း၊ ပါဝင်ဆွေးနွေးသူများသည်လည်းကောင်း စစ်ဘေး ဒဏ်ကြောင့် နစ်နာသူများ ဖြစ်နေခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နစ်နာသူများ ဖြစ်နေခြင်း တို့ကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံများ အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးမှု ရှိနိုင်သည်။

**ကိုယ်စားပြုမှုဆိုင်ရာ အကန့်အသတ်များ**

အင်တာဗျူးတွင် ပါဝင်သော ပုဂ္ဂိုလ်များ၏  အရေအတွက် နည်းပါးသောကြောင့် ၎င်းတို့၏ အမြင် သဘောထား များ နှင့် ဆွေးနွေးချက်များသည် သက်ဆိုင်ရာ မျိုးနွယ်စုများ နှင့် လူမှုအသိုင်းအဝိုင်း အသီးသီးအား အပြည့်အဝ ကိုယ်စားပြုနိုင်ရန် အကန့်အသတ် ရှိနိုင်ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ် အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ ကြောင့် နစ်နာသူများထဲတွင် ပါဝင်သော ဟိန္ဒူဘာသာဝင်များ [10]၏ အမြင်သဘောထားများကို ကောက်ယူခြင်း နှင့် ဆွေးနွေးခြင်းများ မပြုလုပ်နိုင်သောကြောင့် ဤအစီရင်ခံစာသည် ရခိုင်ပြည်နယ်တွင် မှီတင်းနေထိုင်ကြသော လူမှုအသိုင်းအဝိုင်းများ အားလုံးကို ကိုယ်စားပြုနိုင်ရန် အကန့်အသတ် ရှိနေပါသည်။

**သတင်းအချက်အလက်ပြည့်စုံမှုဆိုင်ရာ အကန့်အသတ်များ**

COVID-19 ကြောင့် အင်တာဗျူးတွင် ပါဝင်သောပုဂ္ဂိုလ်အချို့အား အွန်လိုင်း (online) ဖြင့် ဆက်သွယ် မေးမြန်း ခဲ့ရသည့်အတွက် သတင်းအချက်အလက် ပြည့်စုံမှု အားနည်းနိုင်ခြင်းနှင့် သုတေသနစာတမ်း သုံးခုကို အကျဉ်း ချုံး၍ စုပေါင်းပြုစုရေးသားထားသောကြောင့် အသေးစိတ် အချက်အလက်အချို့ မပါဝင်နိုင်ခြင်း၊ အဖွဲ့သုံးဖွဲ့ အနေဖြင့် ထိလွယ်ရှလွယ်၍ အပြုသဘောမဆောင်ဟု ယူဆရသော အချက်အလက်အချို့နှင့် အသုံးအနှုန်း အချို့ကို ပယ်ဖျက်ရခြင်း၊ အင်တာဗျူးဖြေဆိုသူအချို့သည် ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များတွင် ကိုယ်တိုင်ပါဝင် ပတ်သတ်မှု အားနည်းခြင်းနှင့် ဖြေဆိုသူအများစုမှာ နေရပ်စွန့်ခွာနေရသူများ၏ စခန်းများတွင် နေထိုင်သူများ မဟုတ်ခြင်းကြောင့် လတ်တလောဖြစ်ပွားနေသည့် အချို့အချက်အလက်များ ကျန်ခဲ့နိုင်ခြင်း၊ အင်တာဗျူးဖြေဆိုသူများ သည် အရေးကြီးသော အချက်အလက်အချို့ကို လုံခြုံရေးအရ အသေးစိတ် မဖော်ပြ လိုကြခြင်း စသည့် အကန့်အသတ်များလည်း ရှိပါသည်။

## ၂။ ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများ

အင်တာဗျူးတွင် ပါဝင်သောအဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များအရ ရခိုင် နှင့် အခြားသောတိုင်းရင်းသားမျိုးနွယ်စုများ[11]၏ စစ်ဘေးရှောင်စခန်းတွင်း တွေ့ကြုံနေရသော အခက်အခဲ ပြဿနာများသည် များသောအားဖြင့် တူညီကြပြီး မွတ်ဆလင် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများနှင့် ခြားနား မှုအချို့ ရှိသည်ကို တွေ့ရှိရပါသည်။ ရခိုင်နှင့် အခြားသောတိုင်းရင်းသား စစ်ဘေးရှောင်များသည် စားဝတ် နေရေး၊ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို အဓိကရင်ဆိုင်နေရပြီး မွတ်ဆလင် ပြည်တွင်း နေရပ်စွန့်ခွာနေရသူများ၏ စခန်းတွင်မှု စခန်း ကော်မတီများ၏ အာဏာအလွဲသုံးစားမှုများ၊ မူးယစ်ဆေးဝါး ပြဿနာများ၊ နိုင်ငံသားဆိုင်ရာ အခွင့်အရေး ဆုံးရှုံးမှုများ၊ ခွဲခြားဆက်ဆံခံရခြင်းများနှင့် လူမှောင်ခိုကူးခံရခြင်း စသည့် ပြဿနာများကို အဓိကကြုံတွေ့ နေကြရသည်ကို တွေ့ရှိရပါသည်။

### ၂။ (က) ရခိုင် နှင့် အခြားသော တိုင်းရင်းသားမျိုးနွယ်စု စစ်ဘေးရှောင်စခန်းတွင်းမှ အခက်အခဲ ပြဿနာများ

**စားနပ်ရိက္ခာဆိုင်ရာ အခက်အခဲများ**

မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA) တို့၏ တိုက်ပွဲများကြောင့် စစ်ဘေးရှောင်နေရသော ရခိုင် နှင့် အခြား တိုင်းရင်းသားများ အားလုံးတွင် စားနပ်ရိက္ခာနှင့် သောက်သုံးရေ မလုံလောက်သည့် ပြဿနာများစွာ ရှိနေကြသည်ကို တွေ့ရှိရသည်။ စစ်ဘေးရှောင်စခန်းအများစုသည် မြို့ပေါ်ရပ်ကွက် များတွင် အများစု ရှိနေ သည်ကို တွေ့ရှိရပြီး စခန်းအတွင်း နေထိုင်သူများတွင် မြို့ပြနှင့် ကိုက်ညီသည့် လုပ်ငန်းအတွေ့အကြုံများ မရှိခြင်းကြောင့် အလုပ်အကိုင် မရရှိကြခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း၊ အချို့သောစခန်းများတွင် အစား အစာ၊ ဟင်း၊ သားငါး၊ ထင်း အစရှိသည့် စားနပ်ရိက္ခာဆိုင်ရာ ပစ္စည်း များ ရှာဖွေရန် အဆင်မပြေခြင်း၊ အချို့သောမြို့နယ်များရှိ စခန်းများတွင် စားနပ်ရိက္ခာနှင့် အခြားသော အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးမည့် အဖွဲ့အစည်းများကို ကန့်သတ်ထားခြင်းကြောင့် စစ်ဘေးရှောင်များမှာ စားနပ်ရိက္ခာ မလုံလောက်မှု များစွာ ရှိနေကြောင်း တွေ့ရှိရပါသည်။

**နေရာထိုင်ခင်းဆိုင်ရာ အခက်အခဲ ပြဿနာများ**

ရခိုင် နှင့် အခြားသော တိုင်းရင်းသားစစ်ဘေးရှောင်များသည် နေရာထိုင်ခင်း လုံလောက်မှုမရှိခြင်း ပြဿနာများ ကြုံတွေ့နေရပါသည်။ အချို့သော စစ်ဘေးရှောင်ဒုက္ခသည်များအား လုံခြုံမှုရှိသော နေရာ၌ စခန်းဆောက်လုပ်ရန် ထောက်ပံ့ပေးနိုင်မည့် အလှူရှင်များရှိသော်လည်း အစိုးရမှ စစ်ဘေး ရှောင်စခန်းများအဖြစ် တရားဝင် အသိအမှတ်မပြုခြင်းကြောင့် ဘုန်းတော်ကြီးကျောင်းများတွင် စုပြုံနေထိုင်ကြရသည်။ စစ်ဘေးရှောင်စခန်း အများစုတွင် အိမ်သာမလုံလောက်ခြင်းများ၊ အထူးသဖြင့် အမျိုးသမီးများအတွက် ရေချိုးရန် နေရာများ ကျဉ်းကျပ်ခြင်း နှင့် လုံလောက်မှုမရှိခြင်း၊ ကွန်ကရစ် အောက်ခံအခင်းများတွင် စုပြုံနေထိုင်ရခြင်းကြောင့် သက်ကြီးရွယ်အိုများ နှင့် ကလေးငယ်များ

အတွက် ကျန်းမာရေးချို့တဲ့မှု ဆိုင်ရာပြဿနာများ ကြုံတွေ့နေကြရသည်။ အချို့သော နေရာများတွင် ဘာသာရေးကျောင်းခြံဝင်းရှိ ဇရပ်များ၌ နေထိုင်ရခြင်း စသည့် အခက်အခဲများ ကြုံတွေ့နေကြပါသည်။

စစ်ဘေးရှောင်စခန်းများအားလုံးတွင် အိမ်သာလုံလောက်မှုမရှိခြင်း၊ အရွယ်ရောက်ပြီးသော သားသမီးများအတွက် သီးသန့် အိပ်ခန်းများမရှိခြင်း၊ လျှပ်စစ်မီး မရရှိခြင်း စသော အခက်အခဲများ ကြုံတွေ့နေရပါသည်။ မိုးရာသီတွင် စခန်းအများစုမှာ ရေမြုပ်ခြင်း၊ မတူညီသည့်ဒေသမှ လူများစုပြုံ နေထိုင်ရခြင်းကြောင့် အမျိုးသမီးများအတွက် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကင်းမဲ့နေခြင်း၊ စခန်းများတွင် ကလေးငယ်များ ကစားနိုင်ရန် နေရာများ မရှိခြင်း၊ အလွန်ကျဉ်းမြောင်းသော အခန်းကျဉ်းလေးတွင် မိသားစုလိုက်စုပြုံနေထိုင်နေကြရခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကင်းမဲ့နေခြင်းများနှင့် လူမှုရေးပြဿ နာများဖြစ်ပွားလာခြင်းတို့ကို တွေ့ရှိရပါသည်။

ထို့အပြင် အချို့သောစခန်းများသည် လူသူမနီးသောနေရာများ ဖြစ်နေခြင်းကြောင့် လုံခြုံရေးဆိုင်ရာအခက် အခဲများစွာ ရှိပါသည်။ မသန်စွမ်းသူများအတွက် နေရာထိုင်ခင်း အပြောင်းအလဲ ရှိသောကြောင့် သွားလာရန် ခက်ခဲခြင်း၊ အပေါ့အလေးစွန့်ရန် ခက်ခဲခြင်း၊ အဝတ်စားများလျှော်ဖွပ်ပေးရန် ကူညီပေးမည့်သူမရှိခြင်း၊ တကိုယ်ရည် အသုံးအဆောင်ပစ္စည်းများမရရှိခြင်း စသည်တို့ကို ကြုံတွေ့ကြရသည်။ ဝါးတောင် စစ်ဘေးရှောင် စခန်း၊ တောင်မင်းစစ်ဘေးရှောင်စခန်းနှင့် အထက်မြတ်လှဲ စစ်ဘေးရှောင်စခန်းများ ဆောက်လုပ်ထားသည့် မြေနေရာများအတွက် ပိုင်ရှင်များကို ငှားရမ်းခငွေကြေးများ ကောက်ခံပေးနေရသည့် အတွက် ဒေသခံများ နှင့် စစ်ဘေးရှောင်များအတွက် များစွာအခက်အခဲ ရှိနေသည်ကို တွေ့ရှိရသည်။

**ကျန်းမာရေးဆိုင်ရာပြဿနာများ**

စစ်ဘေးရှောင်များသည် ကျန်းမာရေးဆိုင်ရာ ပြဿနာများစွာ ရင်ဆိုင်နေကြရသည်ကို တွေ့ရှိရသည်။ ဘာသာရေးဓလေ့အရ ဘုန်းကြီးကျောင်းခြံဝင်းအတွင်း ဖိနပ်မစီးဘဲ သွားလာနေကြရခြင်းများကြောင့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးငယ်များအတွက် ကျန်းမာရေးဆိုင်ရာ ပြဿနာများစွာ ရှိနေသည်ကို တွေ့ရှိရသည်။ လတ်တလောတွင် ကိုရိုနာဗိုင်းရပ် ကပ်ဘေးအတွက် ထုတ်ပြန် ထားသော အချင်းချင်း ဖိပေကွာ နေထိုင်နိုင်ရေး၊ လက်ပုံမှန်ဆေးရေး စသည့် စည်းကမ်းချက်များ နှင့် အညီ နေထိုင်နိုင်ရေးမှာ အလွန်ခက်ခဲသည်ကို တွေ့ရှိရပါသည်။ သောက်သုံးရေကို လုံလောက်စွာမရရှိကြသော ကြောင့် ကလေးသူငယ်များ ဝမ်းပျက်ဝမ်းလျှော ဖြစ်ကြရသည်။ စခန်းများတွင် မိုးရာသီ၌ ရေဝပ်နေခြင်း ကြောင့် လည်းကောင်း၊ ရွှံ့ဗွက်များတွင် သွားလာနေရခြင်းများကြောင့်လည်းကောင်း၊ ခြင်ကောင်များကြောင့် ဖြစ်တတ်သည့် ရာသီတုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားခြင်းများ ရှိနေသည်ကို တွေ့ရှိရပါသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း၊ အမျိုးသမီးများအတွက် အခြေခံလိုအပ်သော တစ်ကိုယ်ရည်သုံးပစ္စည်းများ ထောက်ပံ့မှုနည်းပါးခြင်း၊ အချို့သောစခန်းများမှာ လမ်းပန်း ဆက်သွယ်ရေး အဆင်မပြေခြင်း၊ လုံခြုံမှုမရှိခြင်း တို့ကြောင့် ဆေးဝါးကုသမှု

ခံယူနိုင်ရန် အချိန်မီ သွားလာရန် ခက်ခဲခြင်းများကို ကြုံတွေ့နေကြရပါသည်။ ရေမလုံလောက်ခြင်း ၊ သောက်သုံးရေများ သန့်ရှင်းမှု မရှိခြင်းနှင့် နွေရာသီတွင် ပြင်းထန်သော အပူဒဏ်ကြောင့် ကလေးသူငယ်များတွင် အရေပြားရောဂါများဖြစ်ကာ မိခင်များကို ကူးစက်ပျံ့နှံ့ကြောင်း တွေ့ရှိရသည်။ အချို့သောစခန်းများတွင် မိသားစုဝင်များ မစုံလင်ဘဲနေထိုင်ကြ ရခြင်းနှင့် မိမိတို့ပိုင်ဆိုင်ခဲ့သည့် ပစ္စည်းဥစ္စာများကို ဆုံးရှုံးရခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ နှင့် အလိုမကျမှု များစွာရှိနေသည်ကို တွေ့ရပါသည်။ နာတာရှည်ရောဂါများ ဖြစ်သော နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ချောင်းဆိုး ရင်ကြပ်၊ ပန်းနာရောဂါသည်များ အတွက် ဆေးကုသမှု မခံယူနိုင်ခြင်း စသည့် ကျန်းမာရေး ပြဿနာများကိုလည်း ကြုံတွေ့ကြရသည်။

**လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံရမှုများ**

စစ်ဘေးရှောင်စခန်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်ကို တွေ့ရှိရသည်။ အမျိုးသမီးငယ်များအား လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း၊ လူမှုရေးဆိုင်ရာကျင့်ဝတ်များ ချိုးဖောက်ခြင်း၊ တပ်မတော်မှ စစ်ဘေး ရှောင်စခန်းအတွင်း နေထိုင်သူများအား ရှောင်တခင်စစ်ဆေးခြင်းနှင့် သံသယတရားခံအဖြစ် ခေါ်ယူ ဖမ်းဆီးနှိပ်စက်ခြင်း[12]၊ ဖုန်းများကို စစ်ဆေးခြင်း၊ အင်တာနက်နှင့် သတင်းအချက်အလက်ရယူမှုကို ပိတ်ပင်ထားခြင်း၊ ပြင်ပအလှူရှင်များအား ပိတ်ပင်ထားခြင်း စသည့် တားဆီးကန့်သတ်မှုများနှင့် ဖမ်းဆီးစစ်ဆေးမှုများကို ရှိနေသည်ကို တွေ့ရပါသည်။ ညမထွက်ရအမိန့် ချမှတ်ထားခြင်းများကြောင့် အချို့သော အရေးပေါ်လူနာများနှင့် ကလေးမွေးဖွားရန် မိခင်များ အချိန်မီ ဆေးရုံ၊ ဆေးခန်းများသို့ မသွားလာရခြင်းများကြောင့် အသက်ဆုံးရှုံးမှုများ ရှိနေသည်ကို တွေ့ရှိရသည်။ စစ်ဘေးရှောင်စခန်းအတွင်း ရောက်ရှိနေသည့် လူငယ်အများစုမှာ ပညာ ဆက်လက်သင်ကြားခွင့်များ ဆုံးရှုံးနေကြရသည်ကို တွေ့ရှိရပြီး ပညာရေးနှင့်ပတ်သတ်၍ မျှော်လင့်ချက်မဲ့စွာဖြင့် ရှင်သန်နေထိုင်နေကြရသည်ကို တွေ့ရှိရသည်။

## ၂။ (ခ) ပြည်တွင်း မွတ်ဆလင် နေရပ်စွန့်ခွာနေရသူများ ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများ

**စခန်းကော်မတီများ၏ အာဏာအလွဲသုံးစားမှုများ**

ပြည်တွင်းရှိ မွတ်ဆလင်ဒုက္ခသည်စခန်းများတွင် စခန်းကော်မတီများ၏ အာဏာအလွဲသုံးစားမှုများ သည် အဓိကအခက်အခဲ ပြဿနာတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးကြပါသည်[13]။ ဒုက္ခသည်များအတွက် ပစ္စည်း ထောက်ပံ့မှုများကို စခန်းကော်မတီမှ အလှူရှင်များကိုယ်တိုင် တိုက်ရိုက်ပေးခွင့်မရှိအောင် ဖန်တီးပြီး ဖြတ်တောက်ယူထားခြင်းများ၊ ထောက်ပံ့ပစ္စည်းပေးမည့် အဖွဲ့များအနေဖြင့် ကော်မတီ၏ ခွင့်ပြုချက်များ လိုအပ်ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများမှ စခန်းအတွင်းနေထိုင်သူများအား အလုပ် ခေါ်ရာတွင်လည်း ကော်မတီဝင်များ၏ ဝင်ရောက်စွက်ဖက်ခြင်းများ မကြာခဏတွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာန ဝန်ထမ်းများ နှင့် ပူးပေါင်းကာ အားနည်းသူများအပေါ် ခေါင်းပုံဖြတ် လုပ်ဆောင်မှု များကိုလည်း တွေ့ရပါသည်။ ကော်မတီများသည် လူမှုရေးဆိုင်ရာပြဿနာများတွင် ဝင်ရောက် ဖြေရှင်းမှု အားနည်းပြီး အချင်းချင်း ကျေအေးပေးသည့် ကိစ္စရပ်များတွင် တာဝန်ကျနေသည့် ရဲတပ်ဖွဲ့ဝင်အချို့နှင့် ပူးပေါင်းကာ ငွေကြေးအမြတ်ထုတ် ရယူမှုများ ရှိနေသည်ကို တွေ့ရှိရပါသည်။

**မူးယစ်ဆေးဝါးပြဿနာများ**

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာနေရသူများ စခန်းများတွင် မူးယစ်ဆေးဝါးကို စီးပွားဖြစ် ရောင်းဝယ်မှုများစွာ ရှိနေသည်ကို တွေ့ရှိရပါသည်။ အချို့သော စခန်းများတွင် စခန်းကော်မတီများ နှင့် စီးပွားရေးသမားအချို့တို့ ပူးပေါင်းကာ မူးယစ်ဆေးဝါးကို စခန်းအတွင်း နှင့် စခန်းအပြင်နေရာ များတွင် ရောင်းဝယ်မှုများ ပြုလုပ် လျက်ရှိသည်ဟု ဆွေးနွေးကြသည်။ အထူးသဖြင့် မူးယစ်ဆေးဝါး သုံးစွဲမှုများနှင့် ရောင်းဝယ် ဖြန့်ဖြူးမှုများ ပြုလုပ်ရာတွင် စခန်းများအတွင်း လှောင်ပိတ်ခံရမှုကြောင့် အလုပ်လက်မဲ့ဖြစ်နေသော လူငယ်များကို အဓိက ပစ်မှတ်ထား၍ အသုံးချ လုပ်ဆောင်လျက်ရှိသည် ကို တွေ့ရှိရသည်။

**လူကုန်ကူးမှောင်ခိုဂိုဏ်းများ၏ အသုံးချခံရခြင်းများ**

လူကုန်ကူးမှောင်ခိုဂိုဏ်းများသည် မွတ်ဆလင်ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ စခန်းများ၏ အားနည်းချက် များကို[14] အခွင့်ကောင်းယူကာ လူကုန်ကူးမှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရ သည်။ အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များကို လူကုန်ကူးခြင်း၊ ပြည့်တန်ဆာလုပ်ငန်းအတွက် အသုံးချခြင်းများ ရှိနေသည် ကို တွေ့ရှိရသည်။ ထိုသို့လုပ်ဆောင်ရာတွင် အစိုးရဝန်ထမ်းများနှင့် နီးစပ်သော စခန်းစီမံခန့်ခွဲရေး ကော်မတီဝင်များလည်း ပါဝင်ပတ်သက်မှုရှိသည်ဟု ဆွေးနွေး ကြပါသည်။

**နိုင်ငံသားဆိုင်ရာအခွင့်အရေးဆုံးရှုံးမှု နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ**

မွတ်ဆလင် ဒုက္ခသည်စခန်းများတွင် နိုင်ငံသားဆိုင်ရာ အခွင့်အရေးဆုံးရှုံးမှုများ နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ခွဲခြားဆက်ဆံခံရမှုများ အများဆုံး တွေ့ရှိရပါသည်။ မွတ်ဆလင်များသည်

ရွေးကောက်ပွဲများတွင် ဆန္ဒမဲ ထည့်ခွင့်နှင့် အရွေးခံပိုင်ခွင့်မရှိခြင်း၊ မွေးစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားဖြစ်မှု လုပ်ငန်းစဉ်တို့တွင် ပါဝင်ခွင့် ကန့်သတ်ပိတ်ပင်ခံထားရခြင်းနှင့် ကျောင်းပညာရေး ဆုံးခန်းတိုင်အောင် သင်ယူခွင့်မရရှိကြခြင်း၊ ဆေးကုသမှုခံယူခွင့်များ ကန့်သတ်ခံထားရခြင်းနှင့် လွပ်လပ်စွာ သွားလာနေထိုင်ခွင့်များကို ကန့်သတ်ပိတ်ပင်ခြင်း၊ သတင်းအချက်အလက်များ မရရှိခြင်း နှင့် သတင်းမီဒီယာများမှ စခန်းအတွင်းသို့ လွတ်လပ်စွာ သတင်း ရယူခွင့် ကန့်သတ်ထားခြင်း စသည့် စိန်ခေါ်မှုများကို ကြုံတွေ့နေကြရပါသည်။ မွတ်ဆလင် အမျိုးသမီးငယ်လေးများသည် ဓလေ့ထုံးတမ်း နှင့် ဘာသာရေးဆိုင်ရာ ဝတ်စားဆင်ယင်မှုကို ဝတ်ဆင်ခြင်းဖြင့် ကျောင်းတက်ရန် ကန့်သတ်ခံ ထားရခြင်း နှင့် စခန်းအတွင်း အမျိုးသမီးများကို  လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပြုလုပ်ခြင်း များလည်း ရှိနေသည်ကိုလည်း တွေ့ရပါသည်။

**ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ပြဿနာအခက်အခဲများ**

စခန်းထဲတွင်နေရသူများသည် အစာအာဟာရ လုံလောက်စွာမရရှိခြင်း၊ ရေမှတစ်ဆင့် ကူးစက်ရောဂါ ဖြစ်ပွားခြင်း၊ ဆေးကုသခွင့်ရရှိရန် ခက်ခဲခြင်း၊ COVID-19 ဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးနေသည့် အရပ်ဖက်အဖွဲ့အစည်းများ နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဝင်ရောက်ရန် ခက်ခဲမှုကြောင့် ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် လွန်စွာအားနည်းလျက်ရှိကြောင်း တွေ့ရှိရသည်။ ဆေးရုံ၊ ဆေးခန်းများသို့သွားရောက် ဆေးကုသမှု ခံယူကြရာတွင် ဒေသခံတိုင်းရင်းသားအချို့နှင့် ဆေးရုံ ဆေးခန်းများတွင် ခွဲခြားဆက်ဆံခြင်းကို ခံနေကြရသည်။ ငွေကြေးအခက်အခဲ ရှိသူများသည် ကျန်းမာ ရေးနှင့် လူမှုရေး ပြဿနာများဖြေရှင်းရန် ထောက်ပံ့ ပစ္စည်းများ ထုတ်ယူရန် ပေးထားသည့် "ကဒ်" များကို ပေါင်နှံခြင်း နှင့် ရောင်းချခြင်းများ ပြုလုပ်နေရသည့်  ပြဿနာများ ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ စခန်းမှ ကိုယ်ဝန်ဆောင်အမျိုးသမီးများ မီးဖွားရန်နှင့် အရေးပေါ် ဆေးကုသမှုခံယူရန် ညအချိန်တွင် ဆေးရုံဆေးခန်းများသို့ သွားရောက်ရန် ခက်ခဲခြင်း၊ ဆေးရုံ အတွင်း မွေးဖွားသည့် ကလေးများ၏ မွေးစာရင်းကို ထုတ်ပေးမှုမရှိသည့်အပြင် ခွဲခြားဆက်ဆံခံရခြင်း စသည့် ပြဿနာများ ကို ကြုံတွေ့နေကြရသည်။

## ၃။ ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ ပြန်လည်နေရာချထားရေးဆိုင်ရာ စိန်ခေါ်မှုများ

ဤသုတေသနတွင် ပါဝင်ဆွေးနွေးထားသူများ၏ သုံးသပ်ချက်များအရ မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA) တို့၏ တိုက်ပွဲများကြောင့် စစ်ဘေးရှောင်နေရသော ရခိုင်နှင့် အခြားသော တိုင်းရင်းသားများအား ပြန်လည်နေရာချထားရာတွင် ကြုံတွေ့နိုင်သော စိန်ခေါ်မှုအများစုမှာ တူညီကြပါသည်။ သို့သော် လူမျိုးရေး နှင့် ဘာသာရေး အသွင်ဆောင်ပဋိပက္ခကြောင့် ပြည်တွင်းနေရပ်စွန့်ခွာနေရသည့် မွတ်ဆလင် အသိုင်းအဝိုင်းများ၏ ပြန်လည်နေရာချထားရေးဆိုင်ရာ စိန်ခေါ်မှုများမှာ ခြားနားမှုများစွာ ရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

## ၃။(က) ပြည်တွင်းမွတ်ဆလင် နေရပ်စွန့်ခွာနေရသူများ ပြန်လည်နေရာချထားရေး ဆိုင်ရာ စိန်ခေါ် မှုများ

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာနေရသည့် မွတ်ဆလင်များ ပြန်လည်နေရာချထားရေးတွင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများအပေါ် လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများ၊ ရခိုင်တိုင်းရင်းသားများ နှင့် မွတ်ဆလင်များ၏ အမြင်သဘောထားများနှင့် ထင်မြင်ယူဆချက်များကို ဖော်ပြထားပါသည်။

**လူနည်းစုတိုင်းရင်းသားများ၏ အမြင်သဘောထားများ**

ပြည်တွင်း မွတ်ဆလင်ဒုက္ခသည်များအား ပြန်လည်နေရာချထားရာတွင် မတူညီသည့် လူမျိုးနွယ်စုများအကြား သဟဇာတဖြစ်ရေးမှာ အရေးတကြီး တည်ဆောက်ရန် လိုအပ်သည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်ဟု ဆွေးနွေးကြသည်။ မူလနေရာသို့ ပြန်လည်နေရာချထားရေးမှာ လုံခြုံရေးအရ စိတ်ချယုံကြည်မှု မရှိသေးသကဲ့သို့ အနီး ပတ်ဝန်းကျင်ရှိ အခြားသော မျိုးနွယ်စုများနှင့် မွတ်ဆလင်များ အကြားတွင် အပြန်အလှန်ယုံကြည်မှု တည် ဆောက်ရန် လိုအပ်နေသေးသည်ဟု ဆွေးနွေးကြပါသည်။ မတူညီသည့် အသိုင်းအဝိုင်းများအကြား ဘာသာရေး နှင့် လူမှုရေး အသွင်ဆောင်သည့် ပဋိပက္ခများ ထပ်မံဖြစ်မလာစေရန် ရှုပ်ထွေးနေသည့် မြေယာပိုင်ဆိုင်မှု ပြဿနာများကို ဖြေရှင်းပေးခြင်း၊ နှစ်ဘက်လူ့အဖွဲ့အစည်း အပြန်အလှန် ကူးသန်းရောင်းဝယ်ရေး ပြုလုပ်ရာတွင် လုံခြုံမှုရှိစေရန်အတွက် နှစ်ဘက်လူထုကြား နားလည်မှု တည်ဆောက်ထားရန်နှင့် ဒေသတွင်း တရားဥပဒေစိုးမိုးရေးကို ဦးစားပေး လုပ်ဆောင်ရန် လိုအပ်သည်ဟု သုံးသပ်ကြပါသည်။

**ရခိုင်တိုင်းရင်းသားများ၏ အမြင်သဘောထားများ**

ရခိုင်တိုင်းရင်းသားများ၏ ဆွေးနွေးချက်များတွင် မွတ်ဆလင် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ ပြန်လည် နေရာချထားရေးကို လုပ်ဆောင်ရာတွင် နိုင်ငံရေးအရ အသုံးချမှုများ ရှိလာနိုင်သည်ဟု သုံးသပ်ကြသည်ကို တွေ့ရှိရသည်။ လူနည်းစုတိုင်းရင်းသားများနည်းတူ မွတ်ဆလင် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများကို ပြန် လည်နေရာချထားရန်အတွက် အဓိက ရင်ဆိုင်ရနိုင်သည်မှာ "ပိုင်ဆိုင်မှု ပဋိပက္ခ" ဖြစ်သည်ဟု ဖြေဆိုကြသည်။ မွတ်ဆလင်များ ပိုင်ဆိုင်သည့် မြေယာများနှင့် အခြားသော ပိုင်ဆိုင်မှုများကို အစိုးရနှင့် နီးစပ်သည့် စီးပွားရေး သမားများက ဈေးနှိမ်၍ ဝယ်ယူထားကြခြင်း၊

ရောင်းဝယ်ခွင့်မရှိသော မြေယာများကိုလည်း မွတ်ဆလင်ပိုင်ရှင် များမှ ငွေကြေးအခက်အခဲကြောင့် တရားမဝင် ရောင်းချမှုများရှိထားကြပြီး ဝယ်ယူထားသူများမှာလည်း ပိုင်ဆိုင်ခွင့် အထောက်အထား မရှိသည်ကို တွေ့ရသည်။

မီးရှို့ခံရသောမြေနှင့် ဖြိုဖျက်မြေဟူ၍ မြေနှစ်မျိုး ခွဲခြားထားသော်လည်း မည်သည့်မြေသည် မီးရှို့ခံ ရသောမြေ ဖြစ်ပြီး မည်သည့်မြေသည် ဖြိုဖျက်မြေဖြစ်ကြောင်း တိတိကျကျ သတ်မှတ်ပေးထားခြင်း မရှိဟု ပြောဆိုကြ ပါသည်။ အချို့သော မွတ်ဆလင်ပိုင် မြေယာများတွင် ရခိုင်ပြည်နယ်၏ စီးပွားရေး အကျပ်အတည်းကြောင့် စစ်တွေမြို့ပေါ်သို့ လုပ်ကိုင်စားသောက်ရန် ရွှေ့ပြောင်းလာသူများမှ ကျူးကျော်ဝင်ရောက် နေထိုင်ကြခြင်းများကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် မွတ်ဆလင်ပြည်တွင်း နေရပ်စွန့်ခွာနေရသူများ ပြန်လည်နေရာချထားနိုင်ရန် မြေယာအရှုပ်အထွေး ပြဿနာများကို ဥပဒေကြောင်းအရ ဦးစွာဖြေရှင်းရန် လိုအပ်ပါသည်။ ထို့သို့ ဖြေရှင်းရာတွင် သဘောထားကွဲလွဲမှုများ ရှိလာနိုင်ပြီး နှစ်ဘက်လူ့အဖွဲ့အစည်းကြား မလိုလားအပ်သည့် ပြဿနာများ ဖြစ်မလာနိုင်စေရန် ကြိုတင်ပြင်ဆင်မှုများ လိုအပ်ပြီး ပြန်လည်နေရာချထားရေး လုပ်ဆောင်ရာတွင် ရခိုင်နှင့် မွတ်ဆလင် များကြား မထင်မှတ်သည့် အခြေအနေတွင် အမုန်းစကား ဖြန့်ဝေမှုများ ရှိလာနိုင် သည်ကို စိုးရိမ်မှုများ လည်းရှိနေပါသည်။

ရခိုင်မွတ်ဆလင်ပဋိပက္ခမှာ ရခိုင်ပြည်နယ်ကို ဒုက္ခသက်ဆိုးရှည်စေရန် ဖန်တီးထားသလို ဖြစ်နေပြီး တမင် ဖန်တီးထားသည့်အုပ်စုများ ရှိနေသည်ဟု သုံးသပ်သူများလည်းရှိသည်။ လက်ရှိကာလတွင် လည်း ရခိုင်ပြည်နယ်အတွင်း ရခိုင်၊ အခြားသော တိုင်းရင်းသားများနှင့် မွတ်ဆလင်များကြား အလုပ်အကိုင် နှင့် စီးပွားရေးအရ ကူးလူး ဆက်နွယ်မှုများရှိနေပြီး ဆက်ဆံရေးမှာ ကောင်းမွန်လာနေ သည်ကို တွေ့ရသည်။ အစိုးရအနေဖြင့် မွတ်ဆလင် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများကို ပြန်လည် နေရာချပေးခြင်းမပြုဘဲ အချိန်ဆွဲထားခြင်းမျိုး ဖြစ်နိုင်သည်ဟု ယူဆကြပြီး ဒုက္ခသည်စခန်းများတွင် နှစ်ကာလကြာမြင့်စွာ နေထိုင်စေခြင်းဖြင့် မိမိတို့မူလနေရာသို့ ပြန်လိုစိတ်များကို ပျောက်ကွယ် သွားအောင် စီမံဖန်တီးထားသည်နှင့် တူနေသည်ဟု သုံးသပ်ကြသူများလည်းရှိသည်။ အစိုးရအနေဖြင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို အကောင်ထည်ဖေါ်ဆောင်ရာတွင် ပွင့်လင်း မြင်သာမှု၊ ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှုနှင့် နေရပ်စွန့်ခွာနေရသူများ နေထိုင်ရန် နေရာများကို ရွေးချယ် သတ်မှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများ အလွန်အားနည်းသည်ကို တွေ့ရှိရသည်။

**မွတ်ဆလင်များ၏အမြင်သဘောထားများ**

ပြည်တွင်း နေရပ်စွန့်ခွာနေရသည့် မွတ်ဆလင်အသိုင်းအဝိုင်းများအား ပြန်လည်နေရာချထားရေး မလုပ်ဆောင် ခြင်းမှာ မတူကွဲပြားသော အကြောင်းအရင်းများရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ၄င်းထဲမှ အကြောင်းရင်း တစ်ခုမှာ အစိုးရသည် မွတ်ဆလင်ဒုက္ခသည် စခန်းများကို ပိတ်သိမ်းလိုက်ပါက ရခိုင်မျိုးနွယ်စုဝင် အစွန်းရောက် အချို့၏ ဝေဖန်တိုက်ခိုက်မှုများ ကြုံလာရမည်ကို ရှောင်ရှားလိုသော ရည်ရွယ်ချက် ရှိသည်ဟု သုံးသပ်ကြပါသည်။ ထို့အပြင် လက်ရှိအာဏာရအစိုးရသည် ၂၀၂၀ ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ် အောင်နိုင်ရေးအတွက် စိုးရိမ်၍လည်းကောင်း၊ မွတ်ဆလင် နေရပ်

စွန့်ခွာနေရသူများ၏ စခန်းများကို ပိတ်သိမ်းပြီးသောအခါ ပြည်ထောင်စုအစိုးရ၏ ရခိုင်ပြည်နယ်မှ စီးပွားရေးဆိုင်ရာ အမြတ်အစွန်း ထုတ်ယူနေမှုကို ရခိုင်လူထုအတွက် မျှဝေသုံးစွဲမှု မပြုလိုခြင်းကြောင့် နှစ်ဖက်လူ့အဖွဲ့အစည်း၏ အာရုံစူးစိုက်မှု ပိုမိုပြင်းထန်လာပြီး အကြပ်အတည်း တစ်ခုသို့ ရောက်ရှိမည်ကို စိုးရိမ်မှုရှိနိုင်သည်ဟု ဆွေးနွေးသူများ ရှိပါသည်။

မွတ်ဆလင်အသိုင်းအဝိုင်းများအား ပြန်လည်နေရာချထားပေးရန် စီစဉ်ခဲ့သော နေရာအချို့သည် လက်ရှိ မွတ်ဆလင် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ နေထိုင်နေသည့် နေရာများထက် ပို၍ဆောင်ဆက်သွယ်ရေး၊ နေထိုင် ရေး၊ စီးပွားရေးနှင့် လူမှုရေး ညံ့ဖျင်းသောကြောင့် ပိုမိုဆိုးရွားသော စခန်းအသစ်တစ်ခု တည်ဆောက်နေသလို ဖြစ်နေသည်ဟု သုံးသပ်မှုများလည်း ရှိနေပါသည်။ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး ပြည်တွင်း နေရပ်စွန့်ခွာသူများ စခန်းကို ဥပမာအဖြစ် တင်ပြဆွေးနွေးကြသည်။ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး ပြည် တွင်းနေရပ်စွန့်ခွာနေရသူများစခန်းကို မူလနေရာသို့ ပြန်လည်နေရာချထားရေးကိစ္စသည် ကျောက်ဖြူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မီဒီယာသို့ ပြောကြားရာတွင် “ရခိုင် မျိုးနွယ်စုတို့မှ သဘောတူညီမှုရရှိရန် မဖြစ်နိုင်” ဟု ဖြေဆိုမှုကို အစိုးရမှ လိုက်လျောပေးဟန်ဆောင်ခြင်းမျိုး ဖြစ်သည်ဟု ယူဆကြသည်။ အစိုးရသည် မွတ်ဆလင်အသိုင်းအဝိုင်း၏ အရေးကို စိတ်ဝင်စားမှု မရှိဘဲ ပစ်ပယ်ထားကာ “လူမျိုးစု အချင်းချင်းကြား၌ဖြစ်ပွားသည့် ပြဿနာသာဖြစ်ပြီး သိမ်မွေ့နက်နဲသည်” ဟူသော အကြောင်းပြချက်ဖြင့် ရခိုင်မျိုးနွယ်စုများအား အပြစ်ပုံချသည့်ပုံစံဖြင့် လုပ်ဆောင်နေကြောင်း သုံးသပ် ကြပါသည်။

ပြည်တွင်း မွတ်ဆလင်နေရပ်စွန့်ခွာနေရသူများကို ပြည်လည်နေရာချထားရာတွင် မွတ်ဆလင်များ သီးသန့် နေထိုင်သည့် ရပ်ကွက်၊ ကျေးရွာအတွင်း မီးရှို့ခံရသည့် နေရာများတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ပထမအဆင့်အနေဖြင့် ပြန်လည်ချထားရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သင့်ပါသည်။ ထိုသို့နေရာချထားခြင်း ဖြင့် အခြားမျိုးနွယ်စုများ၏ ကန့်ကွက်မှု အနည်းဆုံးနှင့် စိန်ခေါ်မှု အနည်းဆုံး ဖြစ်လိမ့်မည်ဟု ဆွေးနွေး ကြသည်။

## ၃။ (ခ) ရခိုင် နှင့် လူနည်းစု တိုင်းရင်းသား စစ်ဘေးရှောင်များ ပြန်လည်နေရာချထားရေး ဆိုင်ရာ စိန်ခေါ်မှုများ

နေရပ်စွန့်ခွာပြီး စစ်ဘေးရှောင်နေရကြရသည့် ရခိုင် နှင့် လူနည်းစု တိုင်းရင်းသားများအား ပြန်လည် နေရာချထားရာတွင် ကြုံတွေ့နိုင်သော စိန်ခေါ်မှုများအပေါ် ဤသုတေသနတွင် ပါဝင်သော သက်ဆိုင် ရာ လူမှုအသိုင်းအဝိုင်း အသီးသီး၏ အမြင်သဘောထားများနှင့် ထင်မြင်ယူဆချက်များကို ဖော်ပြ ထားပါသည်။ တွေ့ဆုံ မေးမြန်းထားမှုတွင် ပါဝင်ဆွေးနွေးထားသူ အများစုမှာ လက်ရှိအချိန်တွင် စစ်ဘေးရှောင် တိုင်းရင်းသားများ ပြန်လည်နေရာချထားရန် ဖြစ်နိုင်ခြေ နည်းပါးသည်ဟု သုံးသပ်ကြ ပါသည်။

**အခြားသော လူနည်းစု တိုင်းရင်းသားများ၏ အမြင်သဘောထားများ**

ရခိုင်ပြည်အတွင်း လူနည်းစု တိုင်းရင်းသားများသည် ၎င်းတို့၏ ဒေသများတွင် မြန်မာ့တပ်မတော် နှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား အပြန်အလှန် တရားဝင် စစ်ရပ်စဲရေးသဘောတူညီမှု မရရှိသေး ခြင်း၊ နှစ်ဖက် လက်နက်ကိုင်များ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှု မရှိသေးခြင်း၊ ရက္ခိုင့်တပ်တော် (AA) ကို အကြမ်းဖက် အဖွဲ့အဖြစ် သတ်မှတ်ထားခြင်း၊ ပဋိပက္ခဖြစ်ပွားသော နေရာဒေသတွင် မြေမြှုပ်မိုင်း ရှင်းလင်းရေးများ မပြု လုပ်ရသေးခြင်း၊ မီးရှို့ခံရသည့် ကျေးရွာများကို ပြန်လည်တည်ဆောက်ပေးရန် လိုအပ်နေသေးခြင်း၊ အစိုးရမှ ပြန်လည်နေရာချထားရေးအတွက် နေရပ်စွန့်ခွာနေရသူများ နှင့် ဆွေးနွေးတိုင်ပင်မှုများ မရှိသေးခြင်း စသည့် စိန်ခေါ်မှုများစွာ ရှိနေသေးခြင်းကြောင့် စစ်ဘေးရှောင် များအား လတ်တလောကာလတွင် ပြန်လည်နေရာချထားရန် မလွယ်ကူနိုင်သေးကြောင်း ဆွေးနွေး ကြပါသည်။

**ရခိုင်တိုင်းရင်းသားများ၏ အမြင်သဘောထားများ**

ရခိုင်တိုင်းရင်းသားများသည် လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများ ရပ်တန့်သွားမှသာ စစ်ဘေးရှောင် များကို ပြန်လည်နေရာချထားရန်နှင့် နေရပ်ပြန်ရန် လွယ်ကူနိုင်မည်ဖြစ်ကြောင်း သုံးသပ်ကြပါသည်။ ပြန်လည်နေရာ ချထားရေး လွယ်ကူစေရန် တပ်မတော်အနေဖြင့် ကျေးရွာများကို ထပ်မံ၍မီးရှို့ခြင်း၊ အရပ်သားများကို ဖမ်းဆီးခြင်းများ ရပ်တန့်ရန် လိုအပ်ကြောင်းလည်း ဆွေးနွေးကြပါသည်။ မီးမလောင်ဘဲ ကျန်ရှိနေခဲ့သည့် ကျေးရွာများတွင် နေထိုင်ခဲ့သူများအနေဖြင့် မိမိနေရပ်ပြန်နိုင်ရန် ခက်ခဲမည် မဟုတ်ဟု သုံးသပ်မှုတစ်ချို့ ရှိသော်လည်း ကျေးရွာများနှင့် အနီးပတ်ဝန်းကျင်များတွင် မြေမြှုပ်မိုင်းများ ရှိနေနိုင်သောကြောင့် လတ်တလောတွင် နေရပ် ပြန်နိုင်ရန် ခက်ခဲနေသေးကြောင်း သုံးသပ်ကြပါသည်။ စစ်ဘေးရှောင်များ နေရပ်ပြန်နိုင်ရေးတွင် မိမိကျေးရွာ များကို အချိန်ကြာမြင့်စွာ ချန်ထားခဲ့ရခြင်းများကြောင့် နေရပ်ပြန်သည့်အခါတွင်လည်း စားဝတ်နေရေးမှာ များစွာ ခက်ခဲနေဦး မည်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် ကြိုတင်ပြင်ဆင်မှုများနှင့် စစ်တမ်းကောက်ယူခြင်းများ လုပ်ဆောင်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီပေးရန်လိုအပ်သည်။

**မွတ်ဆလင်များ၏အမြင်သဘောထားများ**

ရခိုင်နှင့် အခြားသော လူနည်းစု တိုင်းရင်းသားများ၏ စစ်ဘေးရှောင်စခန်းများကို ပိတ်သိမ်းရန် အစီအစဉ် မကြားရသေးကြောင်း လေ့လာတွေ့ရှိရပါသည်။ စစ်ပွဲများမရှိလျှင် စစ်ဘေးရှောင်များသည် ၎င်းတို့နေထိုင်ခဲ့သော မူလနေရာသို့ ပြန်လည်သွားနိုင်မှာ ဖြစ်သော်လည်း အိုးအိမ်စည်းစိမ် ဖျက်ဆီးခြင်းခံလိုက်ရသူများ အတွက် မူလနေရာတွင် ပြန်လည်ထူထောင်ရေး လုပ်ပေးရန် အစိုးရ၌ တာဝန်ရှိကြောင်း အားလုံးနီးပါးက ဆွေးနွေးကြပါသည်။

## ၄။ ပြည်ပရောက် မွတ်ဆလင်ဒုက္ခသည်များ ပြန်လည်နေရာချထားရေးဆိုင်ရာ အမြင်သဘောထားများ

ပြည်ပရောက် မွတ်ဆလင်ဒုက္ခသည်များ[15] ပြန်လည်နေရာချထားရေးနှင့် ၎င်းတို့၏ တောင်းဆိုမှုများအပေါ် လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများ၊ ရခိုင်တိုင်းရင်းသားများ နှင့် မွတ်ဆလင်များ၏ အမြင်သဘောထားများ ကို တင်ပြထားပါသည်။

### ၄။ (က) လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုများ ၏ အမြင်သဘောထားများ

**မူလနေရာသို့ ပြန်လည်နေရာချထားခြင်း**

ပြည်ပရောက် မွတ်ဆလင်ဒုက္ခသည်များကို ၎င်းတို့နေထိုင်ခဲ့သည့် မူလနေရာများသို့ ပြန်လည်နေရာချထားရာတွင် ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်နေသေးသည်ဟု ဆွေးနွေးကြ သည်။ တိုင်းရင်းသားမျိုးနွယ်စုများသည် ၎င်းတို့အပေါ် မွတ်ဆလင်အစွန်းရောက်အချို့၏ ကိုယ်ထိလက်ရောက် ပဋိပက္ခပြဿနာများနှင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းများ ရှိခဲ့ဖူးခြင်း[16]ကြောင့် ထပ်မံ၍ အတူယှဉ်တွဲနေထိုင် ရေးတွင် ယခင်ကထက် ပို၍ ဆိုးရွားသော ဘာသာရေး၊ လူမျိုးရေး အသွင်ဆောင်သည့် ပဋိပက္ခပြဿနာများ ထပ်မံဖြစ်ပေါ်လာမည်ကို စိုးရိမ်မှုများ ရှိနေကြသည်ကို တွေ့ရှိရပါသည်။ မွတ်ဆလင်နေရပ်စွန့်ခွာနေရသူများကို ဥပဒေမူဘောင်အတိုင်း လုပ်ဆောင်ရာတွင် အစိုးရမှ ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ နေရပ်စွန့်ခွာနေရသူများ၏ စာရင်းမှန်ကို တိကျစွာ လူထုသို့ မချပြခြင်း၊ လက်ထဲတွင် သက်သေခံ အထောက်အထားများ မပြည့်စုံခြင်း[17]၊ အစိုးရဘက်မှ နိုင်ငံသားစစ်မစစ်ကို မစိစစ်နိုင်သေးခြင်း၊ မြေယာ ပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများရှိနိုင်ခြင်း စသည့် ကိစ္စများကြောင့် ပြန်လည်နေရာချထားရေးတွင် အဟန့်အတားများစွာနှင့် ကြုံတွေ့နိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် အစိုးရ အနေဖြင့် ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများအကြား ဆွေးနွေးညှိနှိုင်း အဖြေရှာရန် လိုအပ်သည်ဟု သုံးသပ်ကြသည်။ ပြန်လည်နေရာချထားရေး လုပ်ဆောင်ရန် ဒေသတွင်း တရားဥပဒေ စိုးမိုးရေးကို ဦးစားပေး လုပ် ဆောင်သင့်သည်။

လူနည်းစုတိုင်းရင်းသားများ နှင့် မွတ်ဆလင်များအကြား ပြန်လည်သင့်မြတ်ရေးနှင့် ယုံကြည်မှု တည်ဆောက် နေသည့်ကာလတွင် ပြည်ပရောက် မွတ်ဆလင်ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးကို ပြုလုပ်မည်ဆိုပါက ၎င်းတို့နေထိုင်ခဲ့သော တိုင်းရင်းသားကျေးရွာများတွင် ရောနှောနေရာချထားခြင်းကို ရှောင်ရှားသင့်ပါ သည်။ ထို့အပြင် အခြားသော တိုင်းနှင့် ပြည်နယ်များတွင်လည်း လွပ်လပ်စွာ သွားလာနေထိုင်ခွင့်ကို အပြည့် အဝ ပေးသင့်ကြောင်း ဆွေးနွေးကြပါသည်။

**နိုင်ငံသားအဖြစ်အသိအမှတ်ပြုခြင်း**

ပြည်ပရောက် မွတ်ဆလင်များကို တည်ဆဲမြန်မာနိုင်ငံသားဥပဒေ နှင့်အညီ သေချာစွာစိစစ်ပြီးမှသာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သည်။ ၎င်းတို့၏ အထောက်အထားများ၊ နေရာဒေသ၊ ပိုင်ဆိုင်မှု၊ နေထိုင်ခဲ့သော မြို့နယ် နှင့် ကျေးရွာအုပ်စု မှတ်တမ်း အထောက်အထားများ အပေါ်အခြေခံ၍

အမှန်တကယ် နေရပ်စွန့်ခွာ နေရသူများကို အသိအမှတ်ပြုသင့်ကြောင်း ဆွေးနွေးကြပါသည်။ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရသူများကိုလည်း နိုင်ငံသားအခွင့်အရေးများကို အပြည့်အဝ ပေးရမည်ဖြစ်ပြီး နိုင်ငံသားအဖြစ် အသိအမှတ်ပြုမခံရသူများ ရှိနိုင်သည့်အတွက် ၎င်းတို့၏ အရေးအတွက်ကို ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ချပြသင့်ကြောင်း ဆွေးနွေးကြပါသည်။

**လုံခြုံရေးအာမခံချက်**

မွတ်ဆလင်များအား မူလနေရာ (သို့မဟုတ်) နေရာသစ်သို့ ပြန်လည်နေရာချပေးရာတွင် လုံခြုံစွာ နေထိုင်ရေးအတွက် အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး တာဝန်ယူပေးသင့်ပါကြောင်း ဆွေးနွေး ကြပါသည်။ ထို့အပြင် မွတ်ဆလင်များအား လုံခြုံရေး အာမခံချက်ပေးရန် လိုအပ်သကဲ့သို့ လူနည်းစု တိုင်းရင်းသားများကိုလည်း ဒေသတွင်း လူဦးရေပိုများသော မွတ်ဆလင်များ၏ အကြမ်းဖက်မှုနှင့် လုပ်ကြံမှုများ ထပ်မံ မဖြစ်ပွားစေရန် လုံခြုံရေးအာမခံချက် ပေးသင့်ကြောင်း ဆွေးနွေးမှုများလည်း ရှိပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ဒေသတွင်း မီတင်းနေထိုင်သော မျိုးနွယ်စုများအားလုံး၏ စိုးရိမ်မှုများ ဖြေရှင်းရန် နှင့် ဥပဒေနှင့်အညီ နေထိုင်နိုင်ရန် တရားဥပဒေစိုးမိုးရေးသည် လွန်စွာ အရေးကြီးကြောင်း သုံးသပ်ကြပါသည်။

**တရားမျှတမှု**

တရားမျှတမှု နှင့် ပတ်သက်၍ အဖြစ်အပျက်များနှင့် သမိုင်းအမှန်အပေါ် ဘက်လိုက်ခြင်း မရှိဘဲ မှန်ကန်စွာ စစ်ဆေးပေးပြီး ၎င်းတို့၏ နစ်နာခဲ့မှုများအတွက် ပြန်လည်တရားမျှတမှု ပေးသင့်ပါသည်။ ထိုနည်းတူစွာ အခြားသော ဒေသခံတိုင်းရင်းသားများကိုလည်း ပဋိပက္ခဖြစ်စဉ် ကာလတစ်လျှောက် အကြမ်းဖက်ခံရမှုများကြောင့် ပျက်စီးခဲ့ရသည့် ကျေးရွာများ၊ မြေယာဆုံးရှုံးမှုများ၊ လုပ်ကြံသတ်ဖြတ် ခံရမှုများ၊ လူမှုရေး၊ စီးပွားရေး၊ ပဋိပက္ခများ စသည်တို့အားလုံးကို တရားဥပဒေနှင့်အညီ အဂတိတရား ကင်းစွာဖြင့် တရားမျှတမှုကို ညီမျှစွာ ပေးသင့်သည်ဟု ဆွေးနွေးမှုများလည်းရှိသည်။

**တန်းတူပညာသင်ကြားပိုင်ခွင့်**

တန်းတူပညာသင်ကြားခွင့် နှင့်ပတ်သက်၍ မွတ်ဆလင်များသည်လည်း တန်းတူပညာသင်ကြားခွင့် အပါအဝင် ၎င်းတို့၏ ရသင့်ရထိုက်သော အခွင့်အရေးအားလုံး ရရှိသင့်သည်ဟု ဆွေးနွေးကြပါသည်။

## ၄။ (ခ) ရခိုင်တိုင်းရင်းသားများ၏ အမြင်သဘောထားများ

### မူလနေရာသို့ ပြန်လည်နေရာချထားခြင်း

ပြည်ပရောက်မွတ်ဆလင်များ ပြန်လည်နေရာချထားရာတွင် တည်ဆဲဥပဒေများအရ ၎င်းတို့၏ တောင်းဆိုချက်များ အားလုံးကို လိုက်လုပ်ပေးနိုင်ရန် စိန်ခေါ်မှုများရှိနိုင်ကြောင်း သုံးသပ်မှုများ ရှိပါသည်။ ဥပဒေအရ နိုင်ငံသားဖြစ်မှ မြေယာပိုင်ဆိုင်ခွင့်ရှိသည့်အတွက် လက်ရှိဥပဒေအရ နိုင်ငံသား စိစစ်ရေးကို မလုပ်မီကာလတွင် ၎င်းတို့၏ မူလနေရာအား ပြန်လည်ပေးပါက ပဋိပက္ခကို ဖန်တီး စေနိုင်သည့်အချက် ဖြစ်လာနိုင်သည်ကို ထည့်သွင်း စဉ်းစားရန် လိုအပ်သည်။ ပဋိပက္ခကာလအတွင်း ဆုံးရှုံးသွားသည့် ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ပြုစုရှာဖွေရန်မှာ များစွာ ခက်ခဲမည်ဖြစ်ပြီး စနစ်တကျ ပြန်လည်လုပ်ဆောင်ရန် လွယ်ကူမည် မဟုတ်ကြောင်း ဆွေးနွေးမှု များလည်း ရှိပါသည်။ ထို့ကြောင့် မွတ်ဆလင်များအားလုံးကို နိုင်ငံသားပေးရန် လက်ရှိတည်ဆဲဥပဒေအရ မဖြစ်နိုင်သည့်အတွက် ဥပဒေအချို့ကို ပြင်ဆင်ရန် လိုအပ်သည်ဟု ထောက်ပြကြသည်။

### နိုင်ငံသားအဖြစ်အသိအမှတ်ပြုခြင်း

ပြည်ပရောက် မွတ်ဆလင်ဒုက္ခသည်များကို ၁၉၈၂ နိုင်ငံသားဥပဒေနှင့်အညီ စိစစ်ပြီးနိုင်ငံသား ရသင့်ရထိုက်သူများ အားလုံးအား နိုင်ငံသားအခွင့်အရေးကို အပြည့်အဝပေးသင့်ကြောင်း ဆွေးနွေး ကြပါသည်။ တစ်ချို့သောသူများမှာ နိုင်ငံသား မဖြစ်သင့်သေးသူများလည်း ရှိနေနိုင်သည့်အတွက် နိုင်ငံသားဖြစ်သင့်သူများ၊ ဧည့်နိုင်ငံသားဖြစ်သူများ သို့မဟုတ် နိုင်ငံခြားသားများ စာရင်းအတိအကျ ကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာရန် လိုအပ်ကြောင်းလည်း ထောက်ပြကြပါသည်။ နိုင်ငံသား ဖြစ်သင့်သူများကို နိုင်ငံသားအခွင့်အရေး အပြည့်အဝ ပေးရမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း မည်သည့် နေရာဒေသတွင်မဆို လွပ်လပ်စွာ သွားလာအခြေချနေထိုင်ခွင့် ပေးသင့်ကြောင်း ဆွေးနွေးကြပါသည်။

### လုံခြုံရေးအာမခံချက်

ပြည်ပရောက်မွတ်ဆလင်များ ပြန်လည်နေရာချထားရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လုံခြုံရေး လိုအပ်ချက်ကို အစိုးရအနေဖြင့် မဖြစ်မနေလုပ်ဆောင်ပေးရမည် ဖြစ်ပါသည်။ ပြန်လည်အခြေချ ထားရာတွင် ဒုက္ခသည်များအတွက် ရွေးချယ်ပိုင်ခွင့်ကို ရရှိနိုင်စေရန် နေရာတစ်ခုထက်ပိုပြီး စီစဉ်သင့် ကြောင်းလည်း အကြံပြု ဆွေးနွေးကြပါသည်။

### တရားမျှတမှု

မွတ်ဆလင်ဒုက္ခသည်များ ပြန်လည်အခြေချလာသည့်အခါ ၎င်းတို့၏ဆုံးရှုံးနစ်နာမှုများအတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ ပြန်လည်ပေးအပ်သင့်ပြီး ပြစ်မှုကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မှုများကို လုပ်ရမည်ဟု ဆွေးနွေးကြပါသည်။ လက်ရှိတွင် ရခိုင်တိုင်းရင်းသားများသည် လည်း စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှု မရှိကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အစိုးရ တစ်ရပ်အနေဖြင့် နေရပ်စွန့်ခွာနေရသူများ၏ နစ်နာခဲ့မှုများအတွက် တရားမျှတမှု ရရှိရန် နှင့်

ပြန်လည် တရားစွဲဆိုခွင့်ရရှိရန် ဆောင်ရွက်ပေးသင့်ပြီး လိုအပ်လျှင် ဥပဒေများကိုပါ ပြင်ဆင်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ရန် လိုအပ်မည်ဟု သုံးသပ်ကြပါသည်။

### တန်းတူပညာသင်ကြားခွင့်

နိုင်ငံသားအားလုံး ပညာသင်ကြားခွင့် အပါအဝင် လူတိုင်းရသင့်ရထိုက်သည့် အခွင့်အရေးများကို တန်းတူပေး သင့်သည်ဟု ယူဆကြပြီး မွတ်ဆလင်များ ကိုယ်တိုင်ကလည်း ၎င်းတို့၏ သားသမီးများအား ယောကျ်ား မိန်းမ မခွဲခြားဘဲ တန်းတူပညာသင်ကြားခွင့် ပေးသင့်သည်ဟု သုံးသပ်ကြပါသည်။

## ၄။ (ဂ) မွတ်ဆလင်များ၏ အမြင်သဘောထားများ

**မူလနေရာသို့ ပြန်လည်နေရာချထားခြင်း**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာနေရသည့် မွတ်ဆလင်ဒုက္ခသည်တို့မှ မူလနေရာသို့ ပြန်လည် နေရာချထားပေးရန် တောင်းဆိုမှုအပေါ် ဤသုတေသနတွင် ပါဝင်သော မွတ်စလင်ခေါင်းဆောင် အားလုံးက သဘောတူကြပါသည်။ အစိုးရအနေဖြင့် မှန်ကန်သော စိတ်ရင်းစေတနာဖြင့် မွတ်ဆလင် ဒုက္ခသည်များကို (၁၉၇၈ နှင့် ၁၉၉၃) တွင် ပြုလုပ်ခဲ့သည့်အတိုင်း ပြန်လည်ခေါ်ယူပြီး မူလနေရာ များတွင် ပြန်လည်နေရာချထားပေးခြင်းဖြင့်သာလျှင် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေး ပြဿနာ ဖြေရှင်းနိုင်မည်ဟု ထင်မြင်ကြောင်း အများစုက ဆွေးနွေးကြသည်။ အချို့သောဒေသများ တွင် နိုင်ငံတော်၏ အရေးကြီးသော စီမံကိန်းအတွက် မူလနေရာများ၌ ပြန်လည်နေရာချထားရန် အခက်အခဲများ နှင့် စိန်ခေါ်မှုများရှိလျှင် သက်ဆိုင်ရာ မွတ်ဆလင်ဒုက္ခ သည်များ နှင့် ပွင့်လင်း မြင်သာစွာ တိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်ပါကလည်း အဆင်ပြေသွားနိုင်ပါကြောင်း သုံးသပ်ကြသည်။ အစိုးရ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ် မအောင်မြင်ရခြင်းမှာ ပွင့်လင်းမြင်သာမှု မရှိသည့် မူဝါဒကြောင့် ဖြစ်သည်ဟု ဆွေးနွေးကြသည်။

**နိုင်ငံသားအဖြစ်အသိအမှတ်ပြုခြင်း**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် မွတ်ဆလင်ဒုက္ခသည်များမှ နိုင်ငံသားအဖြစ် ပြန်လည် အသိအမှတ်ပြုရန် နိုင်ငံတော်အစိုးရအား တောင်းဆိုမှုအပေါ် ဤသုတေသနတွင် ပါဝင်သော မွတ်စလင်ခေါင်းဆောင် အားလုံးက သဘောတူကြပါသည်။ ၁၉၈၂ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံ အတွင်းရှိခဲ့သော ဥပဒေများအရ နိုင်ငံ သား ဖြစ်ခွင့်ရခဲ့ပြီး ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ ပုဒ်မ (၃)၊ (၆) နှင့် (၇) အရ နိုင်ငံသားဖြစ်ခွင့် ရှိနေသော အထောက်အထားစုံလင်သည့် ရခိုင်ပြည်နယ်အတွင်း နေထိုင်သောမွတ်ဆလင်များသည်ပင် ကန့်သတ်ပိတ်ပင် ခံနေကြရသည်ကို တွေ့ရှိရပါသည်။

မွတ်ဆလင်များသည် လွတ်လပ်ရေး မရရှိခင် ၁၈၂၃ ခုနှစ် မတိုင်ခင်ကတည်းက ရခိုင်ပြည်နယ်တွင် နေထိုင်ကြောင်း နှင့် (၁၉၄၉ ခုနှစ်၊ ၁၉၅၁) ခုနှစ် မြန်မာနိုင်ငံတွင် နေထိုင်သူများ ဥပဒေ၊ နည်းဥပဒေ တို့အရ တိုင်းရင်း သား (နိုင်ငံသား) များ ကိုင်ဆောင်ခဲ့သော အ.မ.တ (ခေါ်) အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြားကို မွတ်ဆလင်များ၏ ဘိုးဘွားများ ကိုင်ဆောင်ပြီး နိုင်ငံတော်၏ တာဝန်မျိုးစုံကို လည်း ထမ်းဆောင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ (၁၉၄၉ ) ခုနှစ် နှင့် (၁၉၅၁) ခုနှစ် ပြည်ထောင် စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးဥပဒေနှင့် နည်းဥပဒေ၊ ၁၉၈၂ ခုနှစ် တည်ဆဲ ဥပဒေများနှင့်အညီ လူမျိုးဘာသာ မခွဲခြားဘဲ မျှမျှတတ နိုင်ငံသားစိစစ်ရေးကဒ် ထုတ်ပေးရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်သင့်ကြောင်း သုံးသပ်ကြပါသည်။

မွတ်ဆလင်ဒုက္ခသည်များသည် ဥပဒေကြောင်းအရ နိုင်ငံသားများဖြစ်ပြီး ၄င်းတို့၏ သားစဉ်မြေးဆက် များကို နိုင်ငံသား အခွင့်အရေးပေးရန်သာ တောင်းဆိုနေခြင်းဖြစ်၍ ဥပဒေအရ နိုင်ငံသားဖြစ်သင့်သူ များ အားလုံးကို မခွဲခြားဘဲ နိုင်ငံသားသက်သေခံကဒ်များ ထုတ်ပေးသင့်ကြောင်း ဆွေးနွေးကြပါသည်။

ပြည်တွင်းပြည်ပ မွတ်ဆလင်များ နိုင်ငံသားဖြစ်ရေးအတွက် the National Verification Card (NVC) ကဒ်သည် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရမှ အမျိုးသား မှတ်ပုံတင်ကိုင်ဆောင်သူများ၊ သန်းခေါင်စာရင်းရှိသူများ၊ နိုင်ငံသားစိစစ်ရေး ကဒ်ရှိသူများအား NVC ကဒ်ကို ကိုင်ဆောင်စရာမလိုအပ်ကြောင်း တရားဝင်အမိန့် ထုတ်ထားသော်လည်း လက်တွေ့မြေပြင်မှာ မွတ်ဆလင်များ မှန်လျှင် တစ်ဆင့်နိမ့် NVC ကဒ် ကိုင်ဆောင်ရမည် ဟူသော မူဝါဒရှိနေသည် ဟုဆွေးနွေးကြပါသည်။

**လုံခြုံရေးအာမခံချက်**

နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းနေထိုင်သူ နိုင်ငံသားအားလုံးကို လူ့ဂုဏ်သိက္ခာနှင့်အညီ လုံခြုံမှုရှိစွာ အသက်ရှင် နေထိုင်နိုင်ရေးအတွက် အစိုးရမှ ကာကွယ်ပေးရန်တာဝန်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် မှီတင်းနေထိုင်ခဲ့ကြပြီး ပြည်တွင်း ပြည်ပနေရပ်စွန့်ခွာနေရသူများနှင့် ကျန်ရစ်ခဲ့သော မူဆလင်များသည် မြန်မာနိုင်ငံ သားများ ဖြစ်သည့်အလျောက် အကြမ်းဖက်မခံရအောင် အစိုးရအနေဖြင့် တာဝန်ယူသင့်ကြောင်း ဆွေးနွေးကြ ပါသည်။ ဘင်္ဂလားဒေ့ရှ်မှ မွတ်စလင်ဒုက္ခသည်များနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ တာဝန်ရှိသူတစ်ဦး၏ "မိမိတို့ဘက်က တတ်နိုင်သလောက် လုံခြုံရေး တာဝန်ယူပေးပါမယ်၊ အပြည့်အဝတော့ ဘယ်သူက တာဝန်ယူ နိုင်မလဲပေါ့" ဆိုသည့် ပြောကြားချက်မှာ လုံခြုံရေးအာမခံချက် မပေးလိုသည့်ပုံပေါ်၍ အစိုးရ နှင့် ပြည်သူများအကြား ယုံကြည်မှုကိုပါ အားနည်းစေကြောင်း သုံးသပ်ကြပါသည်။ မူဆလင်အသိုင်းအဝိုင်းများသည် ခေတ်အဆက်ဆက်မှာ အကြမ်းဖက်ခံရတိုင်း လုံခြုံမှုမရသည့်အပြင် တရားမျှတမှုလည်း မရသည့်အတွက် လုံခြုံရေး အာမခံချက် နှင့် တရားမျှတမှုတို့ကို လိုလားနေခြင်းဖြစ်ကြောင်း ဆွေးနွေးကြပါသည်။

**တရားမျှတမှု**

မွတ်ဆလင်အသိုင်းအဝိုင်း ဒုက္ခသည်များသည် ၄င်းတို့ကို နှိမ်နင်းခံရစဉ်အတွင်း အသတ်ခံရမှု၊ နှိပ်စက်ခံရမှု၊ မီးရှို့ခံရမှု၊ လယ်ယာထွက်သီးနှံများ အသိမ်းခံရမှု၊ လယ်ယာမြေ လက်လွှတ်ရမှု၊ မတရားပြုကျင့်ခံရမှု၊ မတရား ထောင်ချခံရမှု စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ၄င်းတို့၏ ဆုံးရှုံးနစ်နာသွားခဲ့ရသည့် ပိုင်ဆိုင်မှုများ အတွက် အစိုးရမှဦးစီးပြီး ဥပဒေအရ တရားမျှတမှုရရှိအောင် ဆောင်ရွက်ပေးရန် တောင်းဆိုခြင်းဖြစ်ကြောင်း ဆွေးနွေးကြသည်။ ထိုကဲ့သို့ တောင်းဆိုခြင်းသည်လည်း နိုင်ငံသားများ၏ အခွင့်အရေးဖြစ်သည်ဟု သုံးသပ်ကြသည်။ နိုင်ငံတော်သည် ဤကဲ့သို့သော အရေးကိစ္စများတွင် နိုင်ငံခြားသားပင် ဖြစ်နေစေကာမူ နိုင်ငံအတွင်း နေထိုင်သူဖြစ်ပါက တရားမျှတမှုကို ဖော်ဆောင်ပေးရမည့် တာဝန်ရှိကြောင်း ဆွေးနွေးကြသည်။

**တန်းတူပညာသင်ကြားခွင့်**

(၁၉၉၃) ခုနှစ် နောက်ပိုင်း (စစ်အစိုးရကာလ) တွင် မွတ်ဆလင်တို့၏ အမျိုးသားမှတ်ပုံတင်ကဒ်ပြားများကို နည်းမျိုးစုံဖြင့် သိမ်းယူခြင်း၊ ဖျက်သိမ်းခြင်း၊ အမျိုးသားမှတ်ပုံတင်ကဒ်ပြားများ အစား (white card) ခေါ် ယာယီသက်သေခံကဒ်ပြားများ ထုတ်ပေးခြင်းများနှင့်အတူ တက္ကသိုလ် ပညာသင်ယူခွင့်များကို ကန့်သတ်ပိတ် ပင်လာခဲ့သည်ဟု ထောက်ပြဆွေးနွေးကြပါသည်။ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့

သည့် အကြမ်းဖက်ပဋိပက္ခ ဖြစ်ပွားခဲ့သည့် နောက်ပိုင်းတွင် မွတ်ဆလင် အသိုင်းအဝိုင်းများအတွက် လုံခြုံမှုကင်းမဲ့လာခြင်း၊ အစိုးရဌာနများ၏ ခွဲခြားဆက်ဆံခြင်း၊ မွတ်ဆလင်ကျေးရွာများရှိ စာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာဆရာ၊ ဆရာမများမှ လုံခြုံရေးကို အကြောင်းပြကာ လာရောက် တာဝန်ထမ်းဆောင်မှု မရှိခြင်းတို့ကြောင့် မွတ်ဆလင်ကျောင်း သားများ၏ ပညာရေးမှာ နစ်နာဆုံးရှုံး နေလျက်ရှိနေပါသည်။

အခြေခံပညာရေးကျောင်း နှင့် တက္ကသိုလ်ပညာရေးကျောင်းအချို့၏ သင်ခန်းစာများတွင် လူအများစုဖြစ်သော ဘာသာ နှင့် လူမျိုးများကိုသာ အရေးပေးခြင်း၊ ဆယ်တန်းအောင်မြင်ပြီး မိမိတက်ရောက်သင်ကြားလိုသော အထူးပြုဘာသာရပ်များကို အများနည်းတူ ရွေးချယ်ရာတွင် ကန့်သတ်ခံရခြင်း၊ စာသင်ခန်းအတွင်း အမုန်းစကားများ သုံးစွဲပြောဆိုကြခြင်း စသည့် ခွဲခြားဆက်ဆံခြင်းတို့ကြောင့် မူဆလင်များသည် တန်းတူပညာ သင်ကြားနိုင်ခွင့်ကို တောင်းဆိုရခြင်း ဖြစ်သည်ဟု ထောက်ပြပြောဆိုကြသည်။ မွတ်ဆလင်အမျိုးသမီးများသည် ပုံမှန်ကျောင်းဝတ်စုံဖြစ်သည့် အဖြူအစိမ်းအပြင် ၎င်းတို့၏ ရိုးရာဓလေ့အရ ဝတ်ဆင်ရသော ခေါင်းဆောင်းအဝတ် သို့မဟုတ် ခေါင်းဆောင်းဦးထုပ်ကို ဝတ်ဆင်၍ ကျောင်းတက်ရောက်ကာ ပညာသင်ကြားရန်[18] ကန့်သတ်ခံရခြင်း တို့ကြောင့် အမျိုးသမီးငယ်အများစုမှာ ပညာသင်ယူခွင့် ဆုံးရှုံးရသည်ဟု ဆွေးနွေးကြသည်။ ၂၀၁၂ ခုနှစ် ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း မူဆလင်ကျောင်းသားများကို ဗုဒ္ဓဘာသာဝင် ကျောင်းသားများနှင့် သီးသန့်အခန်းခွဲပြီး စာသင်ကြားခြင်း ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

# ၅။ အကြံပြုချက်များ

## ၅။ (က) ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ၏ ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များ

၁။ နိုင်ငံတော်အစိုးရအနေဖြင့် စစ်ဘေးရှောင်စခန်းများနှင့် ဒေသတွင်းနေထိုင်သူများ ဆေးဝါးကုသမှု ခံယူရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး အဆင်မပြေခြင်း၊ ဆေးရုံ၊ ဆေးခန်း များသို့ အရေးပေါ်သွားရသည့် အချိန်များတွင် လိုအပ်သည်ထက်ပို၍ စစ်ဆေးမှုများ ပြုလုပ်ခြင်း၊ ညမထွက်ရ အမိန့်များ ထုတ်ပြန်ထားခြင်းများကြောင့် အချိန်မှီ သွားလာခွင့်မရရှိကြခြင်း၊ စခန်းများအတွင်း ဆေးဝါးများ နှင့် ကျန်းမာရေးဝန်ထမ်းများ လုံလောက်မှုမရှိခြင်း၊ ကပ်ရောဂါ ကဲ့သို့သော အရေးပေါ်ကာလများနှင့် ကျေးလက်ဒေသများတွင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မရှိခြင်း စသည့်အခက်အခဲများကို ဦးစား ပေး ဖြေရှင်းရန် အကြံပြုပါသည်။
၂။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ၏ စခန်းများတွင် နေထိုင် ကြရသည့် မသန်စွမ်းများအတွက် သွားလာနေထိုင် စားသောက်ရန် အခက်အခဲများနှင့် တကိုယ်ရည် အသုံးအဆောင်ပစ္စည်း လုံလောက်မှု မရှိခြင်းများကို ပြည်တွင်းပြင်ပ အဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်ပြီး ဖြေရှင်းရန် အကြံပြုသည်။

## ၅။ (ခ) ပညာရေးဆိုင်ရာအကြံပြုချက်များ

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ၏ စခန်းများတွင်နေထိုင်သော ကလေးတိုင်း မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာသင်ကြားနိုင်ရန် လုံလောက်သော စာသင် ကျောင်းများနှင့် ဆရာ၊ ဆရာမများ စီစဉ်ဆောင်ရွက်ပေးရန် နှင့် အဆင့်မြင့် ပညာရေး နှင့် အသက် မွေးဝမ်းကျောင်း ပညာရေးတို့ကို လေ့လာဆည်းပူးနိုင်ရန်အတွက် လွတ်လပ်စွာ သွားလာခွင့်ပြုပေးရန် အကြံပြုပါသည်။ ထို့အပြင် ရခိုင်ပြည် နယ်အတွင်း တက္ကသိုလ်များတွင် လုံခြုံရေးကြောင့် အဆင့်မြင့် ပညာသင်ကြားခွင့် ဆုံးရှုံးနေသော မွတ်ဆလင် ကျောင်းသားများအား အခြားသော ပြည်နယ် နှင့် တိုင်းဒေသကြီးများတွင် တက်ရောက်နိုင်ရန် နိုင်ငံတော် အစိုးရမှ စီစဉ်ဆောင်ရွက်ပေးရန် အကြံပြုပါ သည်။
၂။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ၏ စခန်းများတွင် လူငယ်များအား အခမဲ့ ပညာသင်ကြားခွင့်ရရှိအောင် စီစဉ်ပေးခြင်း၊ အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်း ပညာသင် ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လက်မှုပညာသင်ကြားပေးခြင်း၊ လူငယ်စွမ်းဆောင်ရည်မြှင့် တင်ရေးသင်တန်းများ ပြုလုပ်ပေးခြင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို ပြည်တွင်း နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက် ပေးရန် အကြံပြုသည်။

## ၅။ (ဂ)လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာအကြံပြုချက်များ

၁။ နိုင်ငံတော်အစိုးရသည် မွတ်ဆလင်အသိုင်းအဝိုင်းများ၏ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှု၊ လွတ်လပ်စွာ သွားလာနေထိုင်ခွင့် ပိတ်ပင်ခံရမှု၊ ကိုယ်ပိုင်စီးပွားရေးလုပ်ပိုင်ခွင့် ကန့်သတ်ခံထားရမှု၊ အဆင့်မြင့်ပညာရေး သင်ကြားခွင့် ကန့်သတ်ခံရမှု၊ ဆေးကုသခွင့် နှင့် အလုပ်အကိုင်အခွင့်အလမ်း ကန့်သတ်ခံရမှုများကို လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ဦးစားပေး ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း အကြံပြုပါသည်။

၂။ မြန်မာ့တပ်မတော်အနေဖြင့် စစ်ဘေးရှောင်စခန်းများတွင် နေထိုင်သူများအား ရှောင်တခင်စစ်ဆေးခြင်း၊ သံသယတရားခံအဖြစ် ခေါ်ယူဖမ်းဆီးနှိပ်စက်ခြင်း၊ ဖုန်းများ စစ်ဆေးခြင်း၊ အင်တာနက်နှင့် သတင်းအချက် အလက်ရယူမှုကို ပိတ်ပင်ထားခြင်းစသည့် လုပ်ဆောင်မှုများကို လိုအပ်သည်ထက်ပိုမိုမပြုလုပ်ရန်နှင့် စစ်ဘေးရှောင် ဒုက္ခသည်များကို အချိန်မှီ ကူညီထောက်ပံ့ပေးနိုင်ရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား စခန်းတွင်း လွတ်လပ်စွာ သွားလာခွင့်ပေးရန် အကြံပြုပါသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် မွတ်ဆလင်စခန်းများတွင် ဖြစ်ပွားလျက်ရှိနေသော လူကုန်ကူးမှုများ၊ မူးယစ် ဆေးဝါးသုံးစွဲမှုများ၊ အမျိုးသမီးငယ်များကို ပြည့်တန်ဆာအဖြစ် အသုံးချခြင်းများနှင့် စခန်းကော်မတီများ၏ အာဏာအလွဲသုံးစားမှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးရန် အကြံပြုပါသည်။

၄။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ နှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအစိုးရ နှင့် ပူးပေါင်း၍ ပဋိပက္ခများအတွင်းမှ ရခိုင်၊ မွတ်ဆလင် နှင့် အခြားသော လူနည်းစုတိုင်းရင်းသားများ၏ လူ့အခွင့်အရေး ဆုံးရှုံးမှုများ၊ ချိုးဖောက်ခံရမှုများ၊ နစ်နာခဲ့မှုများ နှင့် ကျူးလွန်ခံရမှုများအပေါ် ဘက်လိုက်မှုမရှိပဲ တရား မျှတမှု ရရှိရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် အကြံပြုပါသည်။

## ၅။ (ဃ) ပြည်တွင်းပြည်ပနေရပ်စွန့်ခွာနေရသူများအား ပြန်လည်နေရာချထားရေး ဆိုင်ရာ အကြံပြုချက်များ

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပ မွတ်ဆလင် နေရပ်စွန့်ခွာနေရသူများအား ပြန်လည်နေရာချထားရန် လိုအပ်သည့် မူဝါဒများနှင့် ဥပဒေများကို ပြင်ဆင်ရေးဆွဲသင့်ပြီး ၎င်းမူဝါဒများအား ဒေသခံများ၊ နေရပ်စွန့်ခွာနေရသူများ၊ အခြားသောသက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းများ နှင့် အစိုးရကြား သုံးပွင့်ဆိုင် ပွင့်လင်းမြင်သာစွာ ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ပြန်လည်နေရာချထားရေးကို စီစဉ်ဆောင်ရွက်သင့်သည်။

၂။ ရခိုင် နှင့် လူနည်းစုတိုင်းရင်းသား စစ်ဘေးရှောင်များ ပြန်လည်နေရာချထားရေးအတွက် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် စစ်ပွဲများကို ရပ်တန့်ကာ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ရက္ခိုင့်တပ်တော် (AA) အား အကြမ်းဖက်အဖွဲ့အစည်း အဖြစ်ကြေညာထားခြင်းကို ပြန်လည်ပယ်ဖျက်ခြင်း၊ သံသယဖြင့် ဖမ်းဆီးခံထားရသည့် အရပ်သားများကို ပြန်လည်လွှတ်ပေးခြင်း၊ တိုက်ပွဲကာလအတွင်း မီးရှို့ခံထားကြရသည့် ကျေးရွာများကို ပြန်လည်တည်ဆောက်ပေးခြင်းများ နှင့် ကျေးရွာများအနီးရှိ ကျန်ရှိနေသည့် မြေမြှုပ်မိုင်းများ ရှင်းလင်းခြင်းများကို ဦးစွာ ပြုလုပ်ရန် အကြံပြုပါသည်။

(၃) နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေး နှင့် ပြန်လည်နေရာချထားရေး နှင့် ပတ်သက်၍ နှစ်ဖက်လက်နက်ကိုင်အဖွဲ့များအကြား စေ့စပ်ညှိနှိုင်းပေးနိုင်မည့် အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းပြီး ငြိမ်းချမ်းရေး စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေး အဖြေရှာရန် အကြံပြုပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်နေရာချထားရေး လုပ်ဆောင်ရာတွင် နေရပ်စွန့်ခွာသူများ၏ ယုံကြည်မှုကို ပိုမိုခိုင်မာစေရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ၏ လုံခြုံရေး၊ လွတ်လပ်စွာ သွားလာရေး၊ တရားမျှတမှု ရရှိစေရေး၊ နိုင်ငံသားဖြစ်မှု စသည့် လုပ်ငန်းစဉ်များကို ဦးစားပေး အကောင်အထည်ဖော်လုပ် ဆောင်ခြင်းဖြင့် ပြည်ပရောက် မွတ်ဆလင်ဒုက္ခသည်များအား ပြန်လည်နေရာချထားရေး လုပ်ဆောင်ရာတွင် ပိုမိုယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်ပြီး ပိုမိုလွယ်ကူချောမွေ့စေမည် ဖြစ်ကြောင်း အကြံပြုပါသည်။

၅။ ပြည်တွင်း မွတ်ဆလင် နေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေရာချထားရာတွင် ပထမအဆင့်အနေဖြင့် မွတ်ဆလင်များ သီးသန့်နေထိုင်သည့် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ မီးရှို့ခံခဲ့ရသော နေရာများတွင် ပြန်လည် နေရာချထားရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သင့်ပြီး ထိုသို့လုပ်ဆောင်ခြင်းသည် အခြားမျိုးနွယ်စုများ၏ ကန့်ကွက်မှု နှင့် စိန်ခေါ်မှု အနည်းဆုံး ဖြစ်လိမ့်မည်ဟု အကြံပြုပါသည်။

## ၅။ (င) မွတ်ဆလင်များအပေါ် နိုင်ငံသား စိစစ်ရေးလုပ်ငန်းဆိုင်ရာ အကြံပြုချက်များ

၁။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေအား နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများနှင့်အညီ ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲ သင့်ပါသည်။ သို့သော်လည်း ၎င်း ၁၉၈၂ နိုင်ငံသားဥပဒေကို မပြင်ဆင်နိုင်သေးသည့် ကြားကာလအတွင်း ရခိုင်ပြည်နယ်မှာ နေထိုင်သော မွတ်ဆလင်များကို အခြားသောနိုင်ငံသားများနည်းတူ ဘိုးဘွား သို့မဟုတ် မိဘ နှစ်ပါးစလုံးတွင် အမျိုးသားမှတ်ပုံတင်ကဒ်ပြား သို့မဟုတ် ယာယီသက်သေခံကဒ်ပြား သို့မဟုတ် နိုင်ငံသားစိစစ်ရေးကဒ်ပြား ရှိပါက တည်ဆဲဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကဒ်ပြားကို မှန်ကန်၊ မျှတစွာ ထုတ်ပေးပြီး နိုင်ငံသားအခွင့်အရေးကိုလည်း အများနည်းတူ ခံစားခွင့်ရရှိရေး အတွက် အစိုးရမှ စီမံဆောင်ရွက်ပေးရန် အကြံပြုပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် မွတ်ဆလင်များ၏ မွေးစာရင်း၊ သန်းခေါင်စာရင်း၊ မွေးတိုး၊ နိုင်ငံသား စိစစ်ရေးကဒ် စသည်များကို ထုတ်ယူရာတွင် အောက်ခြေ နိုင်ငံ့ဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှု များနှင့် အာဏာ အလွဲသုံးစားမှုများအား ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းရန် အကြံပြုပါသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပရောက် မွတ်ဆလင်နေရပ်စွန့်ခွာနေရသူများအား ပြန်လည် စိစစ်လက်ခံ ရေးလုပ်ငန်းစဉ် နှင့် တစ်ပြိုင်တည်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကိုပါ စီစဉ်ဆောင်ရွက် ပြီး ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် အရပ်ဖက် အဖွဲ့အစည်းများအား စောင့်ကြည့်လေ့လာခွင့်ပေးရန် အကြံပြု ကြပါသည်။

၅။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားရသင့်ရထိုက်သော မွတ်ဆလင်များအားလုံးကို နိုင်ငံသား ဥပဒေအတိုင်း နိုင်ငံသားပေးသင့်ပြီး နိုင်ငံသားတစ်ဦး၏ အခွင့်အရေးကိုရရှိရန် အပြည့်အဝ အာမခံ ပေးသင့်သည်။ ရခိုင်ပြည်နယ်မှ မွတ်ဆလင်များကို မြန်မာတစ်နိုင်ငံလုံးသို့ လွပ်လပ်စွာ သွားလာ နေထိုင်ခွင့်ကို ပေးသင့်သည်။ နိုင်ငံတွင်းသို့ နယ်စပ်မှတစ်ဆင့် ဝင်ရောက်လာသူများအတွက် စိစစ်သည့် လုပ်ငန်းစဉ်များကို အစိုးရအနေဖြင့် စနစ်တကျပြုလုပ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် အကျင့်ပျက်ခြစားမှုများ တိုက်ဖျက်ရေးကိုလည်း ဆောင်ရွက် သင့်ပါသည်။

## ၅။ (စ) သဟဇာတဖြစ်ရေးဆိုင်ရာ အကြံပြုချက်များ

၁။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခများကို ရပ်တန့်စေရေးနှင့် မတူညီသော လူမှုအသိုင်းအဝန်းများကြား သဟဇာတဖြစ်ရေးအတွက် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးဆုံး လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်သည်ဟု ရှေ့ပြည်လမ်းကွန်ယက်အနေဖြင့် ရှုမြင် အကြံပြုပါသည်။

၂။ လူမျိုးစုခေါင်းဆောင်များနှင့် ဘာသာရေး ခေါင်းဆောင်များအနေဖြင့် မတူညီသော လူ့အဖွဲ့ အစည်းများအကြား သဟဇာတဖြစ်ရေးအတွက် ပဋိပက္ခဖြစ်စေနိုင်မည့် သွေးထိုးလှုံ့ဆော်မှုများနှင့် အမုန်းစကားများတိုက် ဖျက်ခြင်းဆိုင်ရာ လူထုလှုံ့ဆော်မှုလုပ်ငန်းများကို လုပ်ဆောင်ရန် လိုအပ်ပါ သည်။ မျိုးနွယ်စုများကြား ညှိနှိုင်းဆွေးနွေးခြင်း၊ တန်းတူညီမျှဆက်ဆံခြင်း၊ ကိုးကွယ်ယုံကြည်မှုအပေါ် အပြန်အလှန် လေးစားအသိ အမှတ်ပြုခြင်း စသည်များကို ပျိုးထောင်အားပေးခြင်းများကို လုပ်ဆောင် ရန် အကြံပြုပါသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် လူမျိုးရေး နှင့် ဘာသာရေး ပဋိပက္ခကို နှိုးဆော်စေသော စာအုပ် နှင့် မဂ္ဂဇင်းများကို ထုတ်ဝေခြင်း၊ ဟောပြောခြင်းနှင့် သဟဇာတဖြစ်မှုနှင့် အပြန်အလှန်ယုံကြည်မှုကို ပပျောက်စေနိုင်မည့် ထုတ်ဝေဖြန့်ချိမှုများကို တင်းကြပ်သော စည်းကမ်းချက်များ ထုတ်ပြန်ကာ လုပ်ဆောင်သင့်ပါသည်။

၄။ မွတ်ဆလင်များ၊ ရခိုင်နှင့် လူနည်းစုတိုင်းရင်းသားများသည် ၎င်းတို့၏ အမည်နှင့် ယဉ်ကျေးမှု အသီးသီးအပေါ် အပြန်အလှန်လေးစားမှု ရှိစွာဖြင့် ဆက်ဆံသင့်ပါသည်။ အထူးသဖြင့် သူတပါး မနှစ်သက်သော အမည်ကို ခေါ်ဝေါ်သုံးစွဲခြင်းများအား ရှောင်ကြည်သင့်သည်။

၅။ နိုင်ငံတော်အစိုးရ နှင့် သက်ဆိုင်ရာ ခေါင်းဆောင်များအနေဖြင့် ရခိုင်ပြည်နယ်ရှိ လူမျိုးနွယ်စုများ အကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရန် နှင့် သဟဇာတဖြစ်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် လူမှုအသိုင်းအဝိုင်းများအား ကိုယ်စားပြုနိုင်သူများ ပါဝင်သော လွတ်လပ်မျှတ သည့် သဟဇာတ ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ တစ်ရပ်ဖွဲ့စည်းပြီး စေ့စပ် ညှိနှိုင်းခြင်းများ၊ အသိပညာပေး သင်တန်းများ ပို့ချခြင်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ တွေ့ဆုံမှုများနှင့် လူမှုအသိုင်းအဝန်းများကြား သိရှိနားလည်မှု အားကောင်းလာစေရန် ယဉ်ကျေးမှုနှင့် စာပေများကို ဖလှယ်မှုများ ပြုလုပ်ခြင်းနှင့် အားကစားပွဲများ ကျင်းပပြုလုပ်ပေးခြင်းများကို လုပ်ဆောင်ပေးရန် အကြံပြုပါသည်။

## နိဂုံး

လူမျိုးပေါင်းစုံ ယှဉ်တွဲနေထိုင်သော ရခိုင်ပြည်နယ်သည် လူမျိုးရေးနှင့် ဘာသာရေးကို အခြေခံသော ပဋိပက္ခများနှင့် စစ်ပွဲဘေးဒဏ်များ အပြင်းအထန် ခံစားနေရသောဒေသတစ်ခု ဖြစ်ပါသည်။ ၎င်း ပဋိပက္ခများ နှင့် စစ်ပွဲ ဘေးဒဏ်များသည် နိုင်ငံရေးအပြောင်းအလဲကာလများတွင် အဓိကဖြစ်ပွားခဲ့ ကြောင်း တွေ့ရှိရပါသည်။ မြန်မာ နိုင်ငံ လွပ်လပ်ရေးမရမီ ၁၉၄၂ ခုနှစ်၊ ဒီမိုကရေစီအစိုးရ တက်ခါစ ၂၀၁၂ ခုနှစ် နှင့် ကိုဖီအေအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာ ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် စသည့် နှစ်များ တွင် ဖြစ်ပွားခဲ့သော အဓိကရုဏ်းများ နှင့် တိုက်ခိုက်မှုများသည် အထင်ရှားဆုံးဖြစ်ရပ်များ ဖြစ်ပါသည်။ ထို့အပြင် လက်ရှိတွင် မြန်မာ့ တပ်မတော် နှင့် ရက္ခိုင့်တပ်တော်(AA) တို့၏ တိုက်ပွဲများကြောင့် ပြည်သူများ စစ်ဘေးဒဏ်ကြောင့် နေရပ်စွန့်ခွာနေကြရပြီး လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးခဲ့ရပါသည်။ လက်ရှိ ကာလအချိန်အထိ လူမျိုးရေးအဓိကရုဏ်းများ နှင့် ပြည်တွင်းစစ်ကြောင့် ပြည်တွင်းပြည်ပ နေရပ်စွန့်ခွာ နေရသူများ စုစုပေါင်းမှာ ဆယ့်နှစ်သိန်းကျော် ထိရှိနေပြီ ဖြစ်ပါသည်။ စစ်ဘေးကြောင့် နေရပ်စွန့်ခွာနေရသည့် ရခိုင်နှင့် အခြားသောတိုင်းရင်းသားများသည် စားဝတ်နေရေးပြဿနာ၊ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု၊ ကျန်းမာရေး နှင့် လူမှုရေးဆိုင်ရာ အခက်အခဲများစွာ ကြုံတွေ့ လျက်ရှိပါသည်။ ၎င်း ကိစ္စရပ်များ ဖြေရှင်းရန် ပြင်ပအလှူရှင်များနှင့် အဖွဲ့အစည်းများကို လွတ်လပ်စွာ ကူညီထောက်ပံ့ ခွင့်ပြုပေး သင့်သည်။

မြန်မာ့တပ်မတော် နှင့် ရက္ခိုင့်တပ်တော်(AA)များ၏ တိုက်ပွဲများ ဆက်လက်ဖြစ်ပွါးနေခြင်း၊ မြေမြှုပ် မိုင်း မရှင်းလင်းနိုင်သေးခြင်းစသည့် လုံခြုံရေး စိန်ခေါ်မှုများကြောင့် စစ်ဘေးရှောင်များအား ပြန်လည် နေရာချထားရေး ဆောင်ရွက်ရန် လက်ရှိတွင် ခက်ခဲနေနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်တိုက်ပွဲများ အမြန်ဆုံး ရပ်ဆိုင်းပြီး ရက္ခိုင့်တပ်တော်(AA) ကိုလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်စေရန် ကြားဝင်စေ့စပ် ညှိနှိုင်းသင့်သည်။

မွတ်ဆလင်ပြည်တွင်း ဒုက္ခသည်များသည်လည်း စခန်းကော်မတီများ၏ အာဏာအလွဲသုံးစားမှုများ၊ အမျိုးသမီးများအား ခေါင်းပုံဖြတ်မှုများ၊ ပညာသင်ယူခွင့်မရခြင်း၊ ကျန်းမာရေး နှင့် သွားလာနေထိုင် ရေး ကန့်သတ်ပိတ်ပင်ခံရခြင်း၊ ဆက်သွယ်ရေး ဖြတ်တောက်ခံထားခြင်း၊ အချင်းချင်း နိုင်ထက်စီးနင်း လုပ်ခြင်း စသည့် နိုင်ငံသား အခွင့်အရေး ဆုံးရှုံးမှုများ နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကြုံတွေ့ နေကြရပါသည်။ စခန်းတွင်း မွတ်ဆလင်များ၏ အခက်အခဲများ၊ ကန့်သတ်ပိတ်ပင်ခံရခြင်းများ၊ ခွဲခြား ဆက်ဆံခံရမှုများ၊ အခွင့်အရေး ဆုံးရှုံးမှုများကို တရားဥပဒေအတိုင်း အမြန်ဆုံးကိုင်တွယ်ဖြေရှင်းပြီး ကျူးလွန်သူများကို အရေးယူမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

ပြည်တွင်းပြည်ပ မွတ်ဆလင်နေရပ်စွန့်ခွာနေရသူများ ပြန်လည်နေရာချထားရေးတွင် ယခင်က လူမျိုးစုများအကြား ဖြစ်ပျက်ခဲ့သော ပဋိပက္ခပြဿနာများကြောင့် ၎င်းတို့အချင်းချင်း သဟဇာတ ဖြစ်ရေး နှင့် ယုံကြည်မှု တည်ဆောက်ရန် ခက်ခဲနိုင်ခြင်း၊ မြေယာအရှုပ်အထွေးပြဿနာများကို ဥပဒေ

အရ မရှင်းလင်းနိုင်ခြင်း၊ နိုင်ငံသား စိစစ်ရေးကဒ် ထုတ်ပေးရေးလုပ်ငန်းစဉ် မဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေး နှင့် တရားမျှတမှု အာမခံချက် မရှိခြင်း၊ အောက်ခြေတွင် အဂတိလိုက်စားမှုများ ကင်းရှင်းအောင် မလုပ်ဆောင်နိုင်ခြင်း စသည့် ပြဿနာ အခက်အခဲများ တွေ့ရှိနိုင်ပါသည်။ မွတ်ဆလင်များ ပြန်လည်နေရာချထားရေးတွင် အရေးကြီးသော နိုင်ငံသား စိစစ်ရေး လုပ်ငန်းစဉ်များကို တရားမျှတစွာ အကောင်အထည်ဖော်ဆောင်ပြီး နိုင်ငံသား ရသင့်ရထိုက်သူများ အားလုံးကို အမြန်ဆုံးနိုင်ငံသားပေးသင့်သည်။ မွတ်ဆလင်များကို မူလနေရာများ၌ ပြန်လည်နေရာချထားပေးရန် နှင့် ဤကဲ့သို့ပြုလုပ်ရန် အခက်အခဲစိန်ခေါ်မှုများရှိလျှင် သက်ဆိုင်ရာ မွတ်ဆလင်ဒုက္ခသည်များ နှင့် ပွင့်လင်းမြင်သာစွာ တိုင်ပင်ညှိနှိုင်းရန် လိုအပ်ပါသည်။ မွတ်ဆလင်များ ပြန်လည်နေရာချထားရေး မဆောင်ရွက်ခင် ပိုင်ဆိုင်မှုပဋိပက္ခနှင့် မြေယာအရှုပ်အထွေး ပြဿနာများကို ဥပဒေကြောင်းအရ ဖြေရှင်းပြီး သက်ဆိုင် ရာဒေသခံတိုင်းရင်းသားများ အားလုံးကို ချပြသင့်ပါသည်။ မြေယာဆိုင်ရာဥပဒေနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်သင့်ပါသည်။ ပြည်တွင်းနေရပ်စွန့်ခွာနေရသူများ၏ လုံခြုံရေး၊ တရားမျှတမှုရရှိရေး၊ နိုင်ငံသားဖြစ်မှု ဆောင်ရွက်ရေး၊ ပြန်လည်နေရာချထားရေးကို အောင်မြင်စွာ အကောင်အထည်ဖော်လျှင် ပြည်ပရောက်ဒုက္ခသည်များအရေး ပိုမိုလွယ်ကူမည်ဟု သုံးသပ်ကြပါ သည်။

ရခိုင်ပြည်နယ်ရှိ လူမျိုးပေါင်းစုံကြား သဟဇာတဖြစ်ရေးတွင် တရားဥပဒေစိုးမိုးရေးနှင့် အစိုးရဝန်ထမ်းများ၏ အဂတိတရားကင်းရှင်းခြင်းသည် အလွန်အမင်း အရေးကြီးပါသည်။ ပြည်သူများအနေဖြင့်လည်း သွေးစည်းညီ ညွတ်ခြင်း၊ အချင်းချင်းအပေါ်တွင် သစ္စာရှိခြင်း၊ အချင်းချင်း ပူးပေါင်းညှိနှိုင်းခြင်း၊ တန်းတူညီမျှ ဆက်ဆံခြင်း၊ ကိုးကွယ်ရာ ဘာသာ နှင့် ယဉ်ကျေးမှု အသီးသီးအပေါ် အပြန်အလှန်လေးစားမှုရှိခြင်း စသည်တို့ လိုအပ်ပါသည်။ ထို့ကြောင့် အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး နှင့် ပြည်တွင်း ပြည်ပ နေရပ်စွန့်ခွာနေရသူများ ပြန်လည်နေရာချထားရေး လုပ်ဆောင်ရာတွင် သက်ဆိုင်ရာ ပြည်သူများအားလုံး၏ အမြင်သဘောထားများ၊ အကြံပေးချက်များ နှင့် စိုးရိမ်မှုများကို နားထောင်ပြီး စိတ်စေတနာမှန်ကန်စွာ ဖြေရှင်းသင့်ကြောင်း တင်ပြအပ်ပါသည်။

# နောက်ဆက်တွဲ

၁။ အင်တာဗျူး တွင်ပါဝင်သော အဖွဲ့အစည်းများ နှင့် ပုဂ္ဂိုလ်များ စာရင်း

၂။သုတေသန မေးခွန်းများ

## References

[1] ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ပါဝင်သော ကမန်မဟုတ်သည့် ရခိုင်ပြည်နယ်ရှိ အစ္စလာမ် ဘာသာဝင်များကို ဆိုလိုသည်။

[2] Mc Kay, M (August 2019). Peace Works: The Religious Landscape in Myanmar's Rakhine State. The United Institute of Peace. Retrieved from https://www.usip.org/sites/default/files/2019-09/20190829-pw_149-pw.pdf.

[3] Leider, J., P. (February 2017). Conflict and mass violence in Arakan (Rakhine State): the 1942 events and political identity formation. Retrieved from http://www.networkmyanmar.org/ESW/Files/Leider_2017
_02_Rakhine_1942_Mass_violence_FINAL_REV.pdf

[4] ၂၀၁၇ ဩဂုတ်လတွင်ထုတ်ဝေခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အပြီးသတ်အစီရင်ခံစာအရ မွတ်ဆလင် စုစုပေါင်း ၁၄၀၀၀၀ခန့် ထွက်ပြေးခဲ့ရသည်ဟု ဖော်ပြသည်။ လက်ရှိတွင်တွင် ၂၀၀၀၀၀ ကျော်ရှိနေပြီဟု အင်တာဗျူးတွင် ပါဝင်သော မွတ်ဆလင် ခေါင်းဆောင်များက ခန့်မှန်းကြပါသည်။

[5] The Republic of the Union of Myanmar, State Counselor Office (25 August 2017). Retrieved from https://www.statecounsellor.gov.mm/en/node/968

၎ သုတေသနတွင် ပါဝင်သော မွတ်ဆလင်ခေါင်းဆောင်အများစုအနေဖြင့် ရဲစခန်းကို ဝင်တိုက်သော အဖွဲ့များသည် ဆေးဝါးရောင်းချနေသည့် လူအုပ်စု သို့မဟုတ် အကြမ်းဖက်အုပ်စု ဦးဆောင်သော အဖွဲ့ဖြစ်သည်ဟုသာ ဆွေးနွေးကြပြီး ၎င်းတို့ကို လက်မခံနိုင်ကြောင်းနှင့် မွတ်ဆလင်အသိုင်းအဝိုင်း ကိုလည်း ကိုယ်စားမပြုကြောင်း ဆွေးနွေးကြပါသည်။

[6] The Myanmar Times (October 19,2017). Retrieved from https://myanmar.mmtimes.com/news/102576. html?fbclid=IwAR054B-8t-fZ3uxaQ4kHgKbnVk7I4PftQc0sM6Ow-9RfXREP_8SNbo-NZnU

[7] UNHCR (October, 31, 2020). Retrieved from Situation Refugee Response in Bangladesh (unhcr.org) .

[8] Rakhine Ethnic Congress (November 3, 2020). Retrieved from https://www.facebook.com/Rakhine-Ethnics-Congress-250589055466294/photos/pcb.972846993240493/972846949907164 .

[9] စစ်တွေမြို့၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မောင်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်၊ သံတွဲမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မောင်တောမြို့နယ်နှင့် ရန်ကုန်မြို့ တို့ဖြစ်ပါသည်။

[10] ဤသုတေသနပြုလုပ်ရာတွင် ရခိုင်ပြည်နယ်ရှိ ဟိန္ဒူဘာသာဝင်သူများ မဝင်နိုင်ရခြင်း၏ အဓိက အကြောင်းရင်းများမှာ ၎င်းတို့မှ အရေးပါသော ခေါင်းဆောင်များနှင့် မချိတ်ဆက်မိခြင်း၊ ၎င်းတို့အား အင်တာဗျူးပြုလုပ်ရန် လုံခြုံရေးအရ အခက်အခဲရှိခြင်း၊ ၎င်းတို့ကိုယ်တိုင်က အင်တာဗျူးတွင် ပါဝင်ရန် ကြောက်ရွံ့ခြင်းနှင့် ဤသုတေသနတွင် ပါဝင်ခြင်းကြောင့် ၎င်းတို့အပေါ် နောက်ဆက်တွဲ ပြဿနာနှင့် အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာမှာကို စိုးရိမ်ရခြင်း စသည့်တို့ ဖြစ်ပါသည်။ ရွှေပြည်လမ်း ကွန်ယက် အဖွဲ့သားများအနေဖြင့် အနာဂတ် ရွှေပြည်လမ်းကွန်ယက်၏ လုပ်ငန်းများတွင် ရခိုင်ပြည်နယ်ရှိ ဟိန္ဒူအသိုင်း အဝိုင်းများအား ပူပေါင်းပါဝင်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။

[11] မြို၊ ခမီ၊ သက်၊ ဒိုင်းနက်၊ မရမာ၊ ကမန်၊ ချင်း စသည့် မျိုးနွယ်စုတိုင်းရင်းသားများကို ဆိုလိုသည်။

[12]မြောက်ဦးမြို့နယ် လက္ကာကျေးရွာ ပဋိပက္ခဖြစ်စဉ်နှင့် ပတ်သက်ပြီး ရွာလုံးကျွတ်ထွက်ပြေး တိမ်းရှောင်ခဲ့ရပြီး လက္ကာကျေး ရွာသား (၂၇)ဦးကိုလည်း မြန်မာစစ်တပ်မှ မတရားအသင်းနှင့် ပတ်သက်သည်ဟု ဆိုကာ ဖမ်းဆီးခြင်း ခံခဲ့ရပြီး (၃)ဦးက သေဆုံးခဲ့ပြီး ဖြစ်သလို ကျန်ရှိနေသည့် (၂၄)ဦးကိုလည်း ဤသုတေသန ပြုလုပ်သည့်အချိန်ထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးပါ။ ဤဖြစ်စဉ် နှင့်ပတ်သက်၍ လက္ကာကျေးရွာ သားများသည် မြောက်ဦးမြို့ မဟာပညာကျော် ဘုန်းကြီး ကျောင်းသို့ လာရောက် ခိုလှုံနေရာမှ ဒေါ်လှတင်နု အသက်(၃၂)သည် မဟာပညာကျော် ဘုန်းကြီးကျောင်းသို့ ရောက်ပြီး ၂ ရက်အကြာတွင် မြန်မာစစ်တပ်မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ အမျိုးသမီးမှာ မိသားစု ယခုထိ ပြန်လည် လွတ်မြောက်ခြင်းမရှိသည့်အပြင် မိသားစုဝင်များနှင့်လည်း တွေ့ဆုံခွင့် မရကြောင်း သိရပါသည်။

[13] ထိလွယ်ရှလွယ်သော ကိစ္စဖြစ်သောကြောင့် အသေးစိတ် အချက်အလက်ရရှိရန် ခဲယဉ်းပြီး အန္တရာယ်လည်း များပါသည်။ သီးခြားသုတေသနပြုလုပ်ပြီး ဖော်ထုတ်သင့်ပါသည်။

[14] အင်တာဗျူး ဖြေဆိုသော သူများ ကိုယ်တိုင်လည်း အသေးစိတ်မပြောရဲကြပါ။ အောက်ပါသတင်းတွေမှာ ဖော်ပြချက် များနှင့် ဆက်စပ်မှုရှိနိုင်ပါသည်။
https://www.peoplemediamyanmar.com/%E1%80%9B%E1%80%81%E1%80%AD%E1%80%AF%E1%80%84%E1%80%B9%E1%80%BB%E1%80%95%E1%80%8A%E1%80%B9%E1%80%94%E1%80%9A%E1%80%B9%E1%80%99%E1%80%BD%E1%80%91%E1%80%BC%E1%80%80%E1%80%B9%E1%80%81%E1%80%BC%E1%80%AC/?fbclid=IwAR2ViGciyjd_11KUGKIZPiZ1yeUuR6ZG2Kfk7hRtELQuaN4TwHdZ--Azp5U, https://www.facebook.com/rfaburmese/posts/10160316497938128

[15]ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာနေရသူများထဲတွင် အစ္စလာမ်ဘာသာဝင်များအပြင် ဟိန္ဒူဘာသာဝင်များ ပါဝင်သော်လည်း မွတ်ဆလင်များဟု သုံးစွဲထားသည်။ အဓိကအကြောင်းရင်းမှာ ဤသုတေသနတွင် ဟိန္ဒူဘာသာဝင်များ၏ အမြင်သဘောထားများကို ဆွေးနွေးခြင်း၊ ကောက်ယူထည့်သွင်းထားခြင်း မရှိသော ကြောင့် ပြည်ပရောက် မွတ်ဆလင်ဒုက္ခသည်များဟု သုံးထားပါသည်။

[16] အခြားသော တိုင်းရင်းသားမျိုးနွယ်စုများသည် ၂၀၁၆ နှင့် ၂၀၁၇ ဝန်းကျင် မောင်တောမြို့နယ်ဒေသများတွင် မွတ်ဆလင် အစွန်းရောက်အချို့၏ လူနည်းစုတိုင်းရင်းသားများဖြစ်သော သက်၊ မြို၊ ခမီ၊ ဒိုင်းနက်၊ ဟိန္ဒူနှင့် ရခိုင်များ အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ကျူးလွန်မှုများ နှင့် အနိုင်ကျင့်မှုများ စသည့် အဖြစ်အပျက် များစွာကို ထည့်သွင်း ဆွေးနွေးထားကြပါသည်။

[17]အထောက်အထားများပျောက်ဆုံးခြင်း၊ အထောက်အထားများသိမ်းဆည်းခံရခြင်း/လဲလှယ်ခံရခြင်း၊ ယခင် အထောက် အထားများ လုပ်ထားမှုမရှိခြင်း၊ အချို့အထောက်အထားများကို လျှောက်ထားဆဲ အဆင့်ဖြစ် နေရခြင်း၊ သက်ဆိုင်ရာ အစိုး ရဌာနများမှ အထောက်အထားများ ပြုလုပ်ပေးရန် ငြင်းဆန်ခြင်းနှင့် ဥပဒေအရ ခိုင်လုံသော အထောက်အ ထားများ မပြည့်စုံသောကြောင့် အထောက်အထားများပြုလုပ်ရန် အဆင်မပြေ ခြင်းများ ရှိနိုင်ကြောင်း သုံးသပ်ကြပါသည်။

[18] မွတ်ဆလင် အမျိုးသမီးများသည် ပုံမှန်ကျောင်းဝတ်စုံဖြစ်သည့် အဖြူအစိမ်းအပြင် ၎င်းတို့၏ ဘာသာရေး ဓလေ့ဖြစ်သော ခေါင်းဆောင်းအဝတ် သို့မဟုတ် ခေါင်းဆောင်းဦးထုပ်အား ဝတ်ဆင်လိုခြင်းကို ဆိုလိုပါသည်။



USAID
FROM THE AMERICAN PEOPLE

Peace Point

Peace Building Space Arakan
PBSA

fhi 360
THE SCIENCE OF IMPROVING LIVES